မြို့စိုးကျေးရွာ

မကွေးတိုင်းဒေသကြီး ၊ ပခုက္ကူခရိုင် ၊ ပခုက္ကူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ( ၂၀၁၉ – ၂၀၂၀ )

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပခုက္ကူမြို့နယ် ၊ မြို့စိုးကျေးရွာအုပ်စု ၊ မြို့စိုးကျေးရွာ
( စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီ | | ၄ |
| ပခုက္ကူမြို့နယ်၊ မြို့စိုးကျေးရွာအရင်းအမြစ်ပြမြေပုံ | | ၆ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | ၇ |
| ၁။ | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၇ |
| ၂။ | **ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ** | ၉ |
| ၃။ | ကျေးရွာလူမှု ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၉ |
| | (က) လူဦးရေဆိုင်ရာ အချက်အလက်များ | ၉ |
| | ( ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၀ |
| | ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု | ၁၀ |
| | (ဃ) ကျန်းမာရေးနှင့် အဟာရ | ၁၀ |
| | ( င) ပညာရေး နှင့် ကျွမ်းကျင်မှုများ | ၁၁ |
| | ( စ) ကျား/ မ ဆိုင်ရာ ဆက်နွှယ်မှု | ၁၂ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၁၄ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | ၁၅ |
| ၆။ | ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် | ၁၆ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ အထောက်အကူပြုဇယားများ | ၁၇ |
| | (က) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ အခန်းကဏ္ဍ | ၁၇ |
| | (ခ) ဖွံ့ဖြိုးရေး မိတ်ဖတ်အဖွဲ့အစည်း | ၁၈ |
| | (ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ | ၁၉ |
| | (ဃ) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ အစီအမံများ | ၂၀ |
| ၈။ | စီမံကိန်းအား စဉ်ဆက်မပျက် လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ် သုံးသပ်ခြင်း | ၂၁ |
| | (က) ကြီးကြပ်စစ်ဆေးခြင်း | ၂၁ |
| | (ခ) နှစ်ပတ်လည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း | ၂၂ |
| | (ဂ) နည်းပညာဆိုင်ရာ အကူအညီ | ၂၃ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၄ |
| | ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၂၅ |
| | ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်း အမျိုးအစား | ၂၆ |
| | ဇယား (၃) လုပ်ငန်းနှင့် ကျားမအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခ နှုန်းထား | ၂၆ |
| | ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု | ၂၇ |
| | ဇယား (၅) ခတ်သတ္တု နှင့် အခြားသဘာဝရင်းမြစ်များ | ၂၈ |
| | ဇယား (၆) ဥစ္စာခနေအဆင့် အခြေအနေ | ၂၉ |

| | | |
|---|---|---|
| ဇယား (၇) | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၃၀ |
| ဇယား (၈) | ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ | ၃၁ |
| ဇယား (၉) | ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၃၂ |
| ဇယား (၁၀) | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ၃၅ |
| ဇယား (၁၁) | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၃၆ |
| ဇယား (၁၂) | ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ | ၃၈ |
| ဇယား (၁၃) | ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၃၉ |
| ဇယား (၁၄) | ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ | ၄၀ |
| ဇယား (၁၅) | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၄၁ |
| ဇယား (၁၆) | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၄၁ |
| ဇယား (၁၇) | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၄၂ |
| ဇယား (၁၈) | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ | ၄၃ |
| ဇယား (၁၉) | မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ | ၄၅ |
| ဇယား (၂၀) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၄၆ |
| ဇယား (၂၁) | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၄၈ |
| ဇယား (၂၂) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၄၉ |
| ဇယား (၂၃) | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၅၀ |
| ဇယား (၂၄) | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ | ၅၁ |
| ဇယား (၂၅) | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း | ၅၂ |
| ဇယား (၂၆) | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၅၃ |
| ဇယား (၂၇) | ကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက် လက်လှမ်းမီမှုအခြေအနေ | ၅၅ |
| ဇယား (၂၈) | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၅၆ |
| ဇယား (၂၉) | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၅၇ |
| ဇယား (၃၀) | မူလတန်း ၊ အလယ်တန်း ၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၅၈ |
| ဇယား (၃၁) | ကျောင်းတက်နှုန်း | ၆၁ |
| ဇယား (၃၂) | စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ | ၆၂ |
| ဇယား (၃၃) | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၆၃ |
| ဇယား (၃၄) | အဖြစ်များသော ရောဂါများ | ၆၄ |
| ဇယား (၃၅) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၆၅ |

| | | | |
|---|---|---|---|
| | ဇယား (၃၆) | ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ | ၆၆ |
| | ဇယား (၃၇) | သောက်သုံးရေ ရရှိနိုင်မှု | ၆၈ |
| | ဇယား (၃၈) | အိမ်သာ အမျိုးအစား | ၆၉ |
| | ဇယား (၃၉) | ကျား – မ ရေးရာ | ၇၀ |
| | ဇယား (၄၀) | ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ | ၇၂ |
| | ဇယား (၄၁) | ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ | ၇၄ |
| | ဇယား (၄၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၇၆ |
| | ဇယား (၄၃) | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၇၈ |
| | ဇယား (၄၄) | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၈၉ |
| | ဇယား (၄၅) | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ | ၈၁ |
| | ဇယား (၄၆) | ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၈၂ |
| | ဇယား (၄၇) | ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများ လက်လှမ်းမီမှု | ၈၂ |
| | ဇယား (၄၈) | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၈၃ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | ၈၄ |

**စကားချီး**

ပထမဦးစွာ ကျွန်ုပ်တို့ မြို့စိုးကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကျေးရွာ (VDP) ကျေးရွာအဖြစ် ရွေးချယ်ပေးပါသော သက်ဆိုင်ရာ လူကြီးမင်းများ နှင့် (VDP) ကျေးရွာစီမံကိန်း လက်စွဲစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနမှ ဝန်ထမ်း များအား ကျေးဇူးတင်ရှိပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့စိုး ကျေးရွာသူ/သားများ အားလုံးပါဝင်၍ ကျေးရွာတွင် ရင်ဆိုင်နေရသည့် အဓိက အခက်အခဲ ပြဿနာများကို ဖော်ထုတ်ခဲ့ကြပြီး ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များကိုလည်း ရေးဆွဲခဲ့ကြပါသည်။ ကျေးရွာ၏ အဓိက အခက်အခဲဖြစ်နေသော ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းအား ရေပိုက် လိုင်းသွယ်တန်းရန် ပထမဦးစားပေးအနေဖြင့် ကျေးရွာလူထုမှ ရွေးချယ်ခဲ့ပြီး ရေပိုက်လိုင်း သွယ်တန်းခြင်း ဖြစ်မြောက်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းပါဝင်ကူညီမည့် ကျေးလက် ဝန်ထမ်းများနှင့် ကျေးရွာ၏ ကိန်းဂဏန်းဆိုင်ရာ အချက်အလက် စစ်တမ်းများကို အသေးစိတ် ကောက်ယူပေးခဲ့သော ကျေးလက်ဝန်ထမ်းများအား ကျေးဇူးအထူးပင် တင်ရှိပါသည်။ ရရှိလာသော ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များကို စီမံကိန်းရေးဆွဲရေး အထောက် အကူပြုဇယားတွင် ရေးသွင်းခြင်းဖြင့် ဖွံ့ဖြိုးရေးအမြင်များကိုလည်း သိမြင်လာရပါသည်။ ယခင်နှစ်များက မိမိတို့ နားမလည်ခဲ့သည့် အတွေ့အကြုံများကို ယခုနှစ်တွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများက နားလည်သဘောပေါက်အောင် ရှင်းလင်းသင်ကြားပို့ချခဲ့ပါသဖြင့် ကျွန်ုပ်တို့ ကျေးရွာသူ/သားများသည် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျေးရွာလူထုသည်သာ အဓိကပဓာန ကျကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ မိမိတို့ကျေးလက်နေပြည်သူများ၏ ဘဝနှင့် ဆိုင်သော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း ငွေအင်အား၊ လူအင်အား၊ စက်ယန္တရားအင်အားများ ပါဝင်၍ ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်းကိုလည်း နားလည်သဘောပေါက် လာခဲ့ပါသည်။

ဤစီမံချက် လုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါရှိသော ဦးစားပေးစီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုး ကူညီမှုများ ရရှိနိုင်ရေး တင်ပြတောင်းခံသွားမည့်အပြင် မိမိတို့ကျေးရွာ အနေဖြင့်လည်း တက်နိုင်သမျှ ငွေအား၊ လုပ်အားစုဆောင်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ကျေးရွာမှ နောင်အနာဂတ်တွင်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုများကို ဆန်းစစ်သုံးသပ် အကဲဖြတ်ပေးနိုင်ရေးအတွက် နည်းပညာပံ့ပိုး ကူညီမှု များရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ဤစီမံချက်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။

အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါမည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက် များပါဝင်ပါသည်။

မေ လ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မြို့စိုးကျေးရွာ
ပခုက္ကူမြို့နယ်

# မြို့စိုးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပခုက္ကူမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤမှတ်တမ်းပါ အကြောင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းမည့် နည်းလမ်းများ ဖြစ်ပါ သည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်နေမှုများကို သေသေချာချာ နားလည် သဘောပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသော အဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များမှ ပိုမိုကောင်းမွန်သော နည်းလမ်း များကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/သားများကိုယ်တိုင် တတ်သိနားလည်သူများနှင့် လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များ၊ အခြား အဖွဲ့အစည်းများနှင့် လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်း ဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်း ဖြစ်ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များ နှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင် မည့်လမ်း ကြောင်းများကိုလည်းဖော်ပြထားပါသည်။

ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆုံးဖြတ်ခဲ့ကြပါသော ကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေရှည်/တိုမှာပါ ပိုမိုထိရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင် ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ကာလတစ်ခုအတွင်း၌သာ ကျေးရွာ ဒေသခံများ တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် ပံ့ပိုးကူညီထောက်ပံ့မှုများကိုသာ အခြေခံကာ ဆောင်ရွက်ခဲ့ပါသည်။ ယခုဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ မိမိတို့ ယခင်က ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကဲ့သို့ ပိုမိုကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအပြောင်းအမြင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

ကျေးလက်ပြည်သူလူထုအားလုံး ဦးဆောင်ပါဝင်သည့် လုပ်ငန်းအစီအစဉ်ဖြစ်သောကြောင့် ဆင်းရဲ ချမ်းသာမရွေး အလွှာပေါင်းစုံ ပါဝင်ခွင့်ရရှိသော ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ပါဝင်ဦးစားပေး ရွေးချယ်ဆောင်ရွက်ထားခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုး ကူညီပေးရာ ရောက်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ငွေကြေး၊ နည်းပညာနှင့် ပစ္စည်းအခက်အခဲများ ရှိနေသော်လည်း လက်တွေ့ ဆောင်ရွက်ရာ၌ ကျေးရွာဖွံ့ဖြိုးရေး အဓိက လိုအပ်ချက်များကိုသာ ဦးစားပေးစီမံကိန်းများအဖြစ် ရွေးချယ်သွားပါမည် ကျေးရွာဒေသခံများ အသိပညာ စွမ်းဆောင်နိုင်မှု ဗဟုသုတနှင့် လိုအပ်သော အရင်းအနှီးများပေါ် မူတည်၍ စီမံချက်လုပ်ငန်းများအား တိုးချဲ့ ဆောင်ရွက်သွားပါမည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

မြို့စိုးကျေးရွာသည် ဧရာဝတီ မြစ်အနောက်ဘက်ခြမ်း ပုသိမ်-မုံရွာကားလမ်းမကြီး၏ အရှေ့ဘက်တွင်တည်ရှိပြီး ပခုက္ကူမြို့နှင့် (၂၇)မိုင်ကွာဝေးပါသည်။ မြေနိမ့်ပိုင်းများတွင် မိုးများသည်း ထန်စွာရွာသွန်းချိန်၌ တောင်ကျရေများချောင်းထဲသို့ ဝင်ရောက် စီးဆင်းသဖြင့် နေအိမ်များတွင် ရေများဝင်ရောက်မှုများဖြစ်ပေါ်ပါသည်။

## (ခ) သဘာဝအရင်းအမြစ်

မြို့စိုးကျေးရွာတွင် ယာမြေ (၄၇.၈၈)ဧက ရှိသော်လည်း မိုးခေါင်သဖြင့် သီးနှံများ စိုက်ပျိုးရာ တွင် အထွက်နှုန်းလျော့နည်းခြင်း၊ အရည်အသွေးမကောင်းခြင်းများ ဖြစ်ပေါ်သောကြောင့် ဈေး ကောင်း မရပါ။ ကိုင်းကျွန်းမြေ (၁၄၂.၀၈)ဧက ရှိသော်လည်း ယခုနှစ်တွင် ဧရာဝတီမြစ်ရေ မအောင် သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းလျော့နည်းပါသည်။ ကိုင်းကျွန်းမြေများသည် မြေဆီမြေဩဇာ ကောင်းမွန်ပါသည်။ လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များ မရှိပါ။ ကိုင်းကျွန်းမြေများတွင် စိုက်ပျိုးသည့် ပဲမျိုးစုံမှထွက်သည့် ပဲရိုး၊ ပဲမှော် များကို နွားစာကျွေး သည့်အတွက် နွားစာအသင့်အတင့်လုံလောက်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၉၅)စုရှိပြီး ရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စုမရှိပါ။ ကျားဦးရေ (၅၃၅)ဦး၊ မဦးရေ (၆၅၆)ဦး၊ (၁)အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ (၁)အိမ်ထောင် နှုန်း (၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်လုပ်နိုင် သည့် အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏(၇၃%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်သော လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်ကောင်းမွန် အောင် စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သည့် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၁.၈%)မျှပိုများပါသည်။

## (ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

မြို့စိုးကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာ သတ်မှတ် မှုတွင် (၅၄) အိမ်ထောင်စုသည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စု အဆင့် အဖြစ်ခံယူကြပြီး ( )ဦးသည် ချမ်းသာသည့်အဆင့်၊ ( )ဦးသည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ချမ်းသာသောအိမ်ထောင်စု ( )စု၏ မြေကေပိုင်ဆိုင်မှုမှာ အနည်းဆုံး ( ) ကေနှင့် အများဆုံး ( )ကေ ပိုင်ဆိုင်ကြပါသည်။ကျေးရွာရှိ အိမ်ထောင်စုအားလုံးနီးပါးသည် အများသုံး စက်ရေတွင်း တစ်တွင်းကို အားထားအသုံးပြုနေရပြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာနမှ စက်ရေတွင်း (၁)တွင်းတူးဖော်ပေးလျှက် ရှိပါသည်။ ချမ်းသာသောအိမ်ထောင်စု ( )စု၏ မြေကေပိုင်ဆိုင်မှုမှာ ( )ကေ ရှိပြီးအိမ်ထောင်စုတစ်စုတွင် ရေတွင်း(၁)တွင်း ရှိပြီး ယင်လုံအိမ်သာ (၁)လုံး၊ ဆိုင်ကယ်(၁)စီး ရှိပါသည်။ချမ်းသာသော အိမ်ထောင်စု (၂)စုတွင် ဆီဆုံ (၂)ဆုံရှိပါသည်။ ကားပိုင်ဆိုင်သည့် အိမ်ထောင်စု (၆)စု ရှိပြီး အိမ်ထောင်စု အများစုမှာ ဖုန်း(၁)လုံး၊ တီဗွီ(၁)လုံး၊ စလောင်း(၁)လုံးစီ ပိုင်ဆိုင်ကြပါသည်။ ပြေလည်သော အိမ်ထောင်စုများမှာ ကုန်စိမ်း

အရောင်းအဝယ်၊ အစိုးရဝန်ထမ်း လုပ်ကိုင်သူများ ဖြစ်ပြီး နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ အိမ်ထောင်စုများအားလုံးကို ကိုင်းကျွန်းမြေ (၀.၆၅)ဧက စီပေးဝေထားသော်လည်း မပြေလည်သော အိမ်ထောင်စုများမှာ စီးပွားရေး အဆင်မပြေသောကြောင့် ပေးဝေထားသော ကိုင်းကျွန်းမြေများကို ရောင်းချပြီး ကြုံရာကျပန်းလုပ်ကိုင်စားသောက်နေကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများမှာ မိမိကိုယ်တိုင် လုပ်ကိုင်စားသောက်မှု မပြုနိုင်သော သက်ကြီးရွယ်အိုအိမ်ထောင်စုများဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော ( ၅၄ )စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၃)လ အောက် ဝမ်းစာဖူလုံမှု (၂၀)အိမ်ထောင်စုရှိပြီး (၃)လနှင့် (၆)လကြားဝမ်းစာဖူလုံသည့် အိမ်ထောင်စု ( ၂၄ )စု ရှိပါသည်။ (၆)လမှ (၁၂)လအထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စု ( ၁၀ )အိမ်ထောင်စုရှိပါသည်။ (၃)လအောက်ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုများနှင့် (၃)လနှင့် (၆)လကြား ဝမ်းစာဖူလုံသည့် အိမ်ထောင်စုနှင့် (၆)လမှ (၁၂)လ အထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စုများအား ဆွေမျိုးသားချင်းများနှင့် ငွေကြေးတတ်နိုင်သူများမှ ထောက်ပံ့ထားပါသည်။ ကျန်းမာရေးမကောင်းသည့် အခြေအနေများ ပေါ်ပေါက်လာပါက ကျေးရွာတစ်ရွာလုံးမှ ဝိုင်းဝန်းထောက်ပံ့သည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၇၄)ဦး ရှိပါသည်။ မုဆိုးဖို၊ တစ်ခုလပ်အိမ်ထောင်စု(၉)စုရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို၊ တစ်ခုလပ်အိမ်ထောင်စုမရှိပါ။ မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၆၄)နှစ် နှင့် အထက် မ(၉)ဦး ရှိပြီး အိမ်နီးနားချင်းများမှ ဝိုင်းဝန်းပြုစုစောင့်ရှောက်ပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ တစ်နှစ်ပတ်လုံး (၁)သိန်းကျပ်မှ (၃)သိန်းကျပ်အထိ တင်ရှိနေကြပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုတွင် မိုးခေါင်၍ သီးနှံများအထွက်နည်းသောအချိန်၌ ကျေးရွာတွင် ကြုံရာကျပန်း ဆင်းရဲပင်ပန်းစွာလုပ်ကိုင် ကြရပါသည်။ မြေနိမ့်ပိုင်းများတွင် မိုးများသည်ထန်စွာရွာသွန်းချိန်၌ တောင်ကျချောင်းရေများ ချောင်းထဲသို့ ဝင်ရောက်စီးဆင်းသဖြင့် နေအိမ်များတွင် ရေများဝင်ရောက်၍ မြေပြိုသဖြင့် သွားရေးလာရေး ခက်ခဲပါသည်။ လက်လုပ်လက်စားကျပန်းအလုပ်သမားများပြားပါသည်။ ရန်ကုန်၊ မန္တလေးမြို့၊ တောင်ကြီး၊ညောင်ဦး၊ ပုဂံမြို့များ သို့ အလုပ်သွားရောက်လုပ်ကိုင်ကြရပါသည်။ မိုးရာသီ ရေကြီးချိန်များတွင် မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ စားနပ်ရိက္ခာဖူလုံမှု မရှိသည်ကို တွေ့ရှိရပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

မြို့စိုးကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရာသီအကူးအပြောင်းတွင် အဖြစ်များပါသည်။ ငှက်ဖျားရောဂါမဖြစ်ပွားပါ။ ဆီးချိုရောဂါဖြစ်ပွားသူ (၁၀)ဦးနှင့် တီဘီရောဂါဖြစ်ပွာသူ(၇)ဦး ရှိပါသည်။ ဝက်သက်ရောဂါမှာ တပို့တွဲ၊ တပေါင်းလတွင် အဖြစ်များပါသည်။ ပိုလီယိုရောဂါဖြစ်ပွားသူ (၄)ဦး ရှိပါသည်။ စွံ့အနားမကြား(၂)ဦး၊

ခြေထောက်(၁)ဖက်မပါသူ (၁)ဦးရှိပါသည်။ မြို့စိုးကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ မြို့စိုးကျေးရွာတွင် သူနာပြုဆရာမ (၂)ဦးရှိပါသည်။ ဆေးပေးခန်းရှိသော မြစ်ခြေမြို့နှင့် (၇)မိုင်ကွာဝေးပါသည်။ မြစ်ခြေဆေးပေးခန်းတွင် အခန်းကုတင်လုံလောက်မှုရှိပါသည်။ ပခုက္ကူမြို့နယ်ဆေးရုံနှင့် (၂၇)မိုင်ကွာဝေးပြီး အခန်းကုတင်လုံလောက်မှုမရှိပါ။ ရွာတွင်း(သို့မဟုတ်)ရွာအနီးအနားတွင် ဆေးဆိုင်ရှိပါသည်။ မိုးရာသီအချိန်တွင် ဝမ်းလျှောရောဂါနှင့် အစာအိမ်ရောဂါဖြစ်ပွားမှုအသင့်အတင့်ရှိပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အသင့်အတင့် များပြားသည်။ မြို့စိုးကျေးရွာတွင် မူလတန်းကျောင်းရှိပြီး စာသင်ခုံလုံလောက်မှု မရှိပါ။ ကျောင်းဝန်း၏စတုရန်းပေမှာ (၈၀၀)ပေရှိပါသည်။ မူလတန်းကျောင်းဆောင်မှာ အလျား(၁၀၀)ပေ၊ အနံ(၄၀)ပေ၊ အမြင့်(၂၀)ပေ တစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။ ရွာတွင်း၌ စာသင်ကျောင်းရှိသဖြင့် ကျောင်းသူ/သားများ သွားလာရေးအဆင်ပြေပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ/သားများသည် ကျေးရွာနှင့် (၂)မိုင်ကွာဝေးသော ကျွန်းချောင်းကျောင်းသို့ သွားရောက်ပညာသင်ကြားကြပါသည်။ ကျွန်းချောင်းကျောင်းသို့ သွားရောက်ပညာသင်သော အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများသည် စက်ဘီး၊ ခြေလျင်ဖြင့် သွားရောက်ပညာသင်ကြားကြပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျနေဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

## (စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

မြို့စိုးကျေးရွာတွင် ကျား ၊ မ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှု အဖွဲ့အစည်းစံနှုန်းများအရကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် လယ်ယာလုပ်ငန်းကို အများဆုံး လုပ်ကိုင်ကြပြီး ကျား/ မနေ့စားလုပ်အားခ ကွဲပြားသည်ကို တွေ့ရှိရ ပါသည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု၊ ခေါင်းဆောင်မှု အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု အသင့်အတင့်ရှိပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများနှင့် ပတ်သက်၍ လူထု၏ အသိအမြင်မရှိပါ။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် လက်ရှိ၌ မူလတန်းတွင် ပညာသင်ကြားနေသော ကျား(၃၉)ဦး၊ မ(၃၆)ဦး၊ အလယ်တန်းတွင် ပညာသင်ကြားနေသော ကျား(၃၄)ဦး၊ မ(၂၇)ဦး ၊အထက်တန်းတွင် ပညာသင်ကြားနေသော ကျား(၁၇)ဦး၊ မ(၁၇)ဦး ၊တက္ကသိုလ်ပညာသင်ကြားနေသော ကျား(၁၁)ဦး၊ မ(၁၃)ဦး ရှိသောကြောင့် မူလတန်းနှင့် အလယ်တန်းအဆင့်မှ ယောကျ်ားလေးအရေအတွက်သည် မိန်းကလေးအရေအတွက်ထက် (၃)ဦးများပြီး၊ အလယ်တန်းအဆင့်တွင် ယောကျာ်းလေးအရေအတွက်(၇)ဦး များပါသည်။ အထက်တန်းအဆင့်တွင် ပညာသင်ကြားနေသော မိန်းကလေးအရေအတွက်နှင့် ယောကျ်ားလေးအရေအတွက် မှာ တန်းတူဖြစ်ပါသည်။ တက္ကသိုလ်အဆင့်တွင်

အမျိုးသား(၁၁)ဦး၊ အမျိုးသမီး(၁၃)ဦးပညာသင် ယူနေသည့်အတွက် အမျိုးသားများနှင့် အမျိုးသမီးများ၏ ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ တန်းတူညီမျှဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

မြို့စိုးကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ ဖြစ်သော ဝတ်အသင်း၊ သမဝါယမအသင်း၊ ဘဝတက္ကသိုလ်မသန်စွမ်းအဖွဲ့၊ လူငယ်ရှေ့ဆောင်စာကြည့်တိုက်ကော်မတီ၊ မေတ္တာအလင်းသွေးအလှူရှင်အသင်း၊ ကျောင်းကော်မတီ၊ မီးသတ်အဖွဲ့၊ ယသနုလုံးသားပရဟိတအသင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ သက်ကြီးပူဇော်အသင်း၊ လျှပ်စစ်မီးကော်မတီ၊ မိုးကုတ်တရားကော်မတီ၊ ရေကော်မတီ၊ လမ်းကော်မတီရှိ ပါသည်။မြို့စိုးကျေးရွာတွင် သက်ကြီးပူဇော်အသင်းကို လူကြီး၊ လူလတ်၊ လူငယ်များဖြင့် ဖွဲ့စည်းထားပြီး အသက်(၇၀)မှ (၇၀)အထက်ရှိသော သက်ကြီးဘိုးဘွားများကို (၁)နှစ်(၁)ကြိမ် ဆေးဝါး၊ အသုံးအဆောင်၊ ငွေကြေးများ၊ အာဟာရများဖြင့် ပူဇော်ပါသည်။ ယသနုလုံးသားပရိဟိတအသင်းမှ အပတ်စဉ် အင်္ဂါနေ့တိုင်း အသက်(၇၀)မှ (၇၀)အထက်ရှိ သက်ကြီးဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး အသက်(၅)နှစ်မှ(၅)နှစ်အထက် နာရေးဖြစ်ပွားပါက (၁၅၀၀၀)ထောက်ပံ့ပါသည်။ ကျန်းမာရေးမကောင်းသော ကျေးရွာသူ/သားများကို မော်တော်ယာဉ်ဖြင့် ဆေးရုံဆေးခန်းများသို့ လိုက်လံပို့ဆောင်ပေးပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်သော ကျေးရွာများသို့လည်း သွားရောက်ကူညီ ဆောင်ရွက်ပေးပါသည်။ သမဝါယမအသင်းမှ(၂)ကျပ်တိုးဖြင့် ချေးငွေများ ထုတ်ချေးပေးပါသည်။ Pact Myanmar ၊ BNK ၊ NongHyup ၊ TuTu Finance ၊ Easy ဟုခေါ်သောချေးငွေချေးပေးသည့် အဖွဲ့အစည်းများ ရှိပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်မှု

မြို့စိုးကျေးရွာတွင် တောင်ယာမြေ (၄၇.၈၈)ကေရှိပြီး ပဲစဉ်းငုံ၊ ဝါ၊ မြေပဲ၊ ငရုတ်၊ ခရမ်းချဉ်စိုက်ပျိုးပါသည်။ယခုနှစ်တွင် မိုးခေါင်သဖြင့် မြေပဲစိုက်ပျိုးရာတွင် တောင်သူများ သီနှံအထွက်နည်းခြင်း စိုက်ပျိုးသီးနှံများ အရည်အသွေးမပြည့်မှီသောကြောင့် ဈေးကောင်းမရပါ။ စိုက်ပျိုးသီးနှံများကို ရေတွင်းတူးရာတွင် အခက်အခဲရှိသောကြောင့် ရေသွင်းစိုက်၍ မရဘဲ မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးနေရပါသည်။ ယခုနှစ်တွင် မိုးခေါင်သဖြင့် စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းမှုမရှိပါ။ ကိုင်းကျွန်းမြေ (၁၄၂.၀၈)ကေရှိပြီး၊ ပဲယင်း၊ ပဲထောပတ်၊ ပဲဇီးကွက်၊ မြေပဲ၊ ပဲနီ စသည့် ဆောင်းသီးနှံများစိုက်ပျိုးကြပါသည်။ ရေဝတီမြစ်ရေ မအောင်၍ စိုက်ပျိုးသီးနှံများ အထွက်နှုန်းလျော့နည်းပါသည်။ စိုက်ပျိုးသီးနှံအရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းကွဲပြားပါသည်။ ဆောင်းသီးနှံစိုက်ပျိုးရောင်းချရာတွင် တောင်သူများအတွက် အခြေအနေ အသင့်အတင့် ကောင်းမွန်သည်ကို တွေ့ရပါသည်။ ကိုင်းကျွန်းမြေလုပ်ငန်းအား ကိုယ်ပိုင်လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် လုပ်သားများခေါ်ယူရပါသည်။ ကိုင်းကျွန်းမြေများသည် မြေဆီမြေသြဇာ ကောင်းမွန်သည်ကိုတွေ့ရှိရပါသည်။ လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များမရှိပါ။ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများမှ ကူညီပံ့ပိုးမှုများမရှိပါ။ အလုပ်သမားရှားပါးမှုမရှိပါ။ ယခုနှစ်တွင် တောင်သူများသည် မိုးရွာသွန်းမှု မညီမျှမှုဒဏ်ကို ရင်ဆိုင်နေရပါသည်။ မြေပဲနှင့်ငရုတ်စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရှိရပြီး ယင်းအဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုး

နှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။ ကျေးရွာတွင် နွားမွေးသူအိမ်ထောင်စု အရေအတွက်မှာ (၁၅)အိမ်ထောင်စုရှိပြီး ဒေသထွက်နွားမျိုးများကို မွေးမြူကြပြီး အကောင်ရေ(၁၂၈)ကောင်ရှိပါသည်။ ဆိတ်မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုမှာ (၃)စုရှိပြီး အကောင်ရေ (၃၅)ကောင်ရှိပါသည်။ ဝက်မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စု(၈)စုရှိပြီး အကောင်ရေ (၃၆)ကောင်ရှိပါသည်။ ကြက်မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စု(၂)စုရှိပြီး အကောင်ရေ (၂၁)ကောင်ရှိပါသည်။ ဘဲမွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စု(၂)စုရှိပြီး အကောင်ရေ (၂၁)ကောင် ရှိပါသည်။ မြို့စိုးကျေးရွာတွင် နွား၊ ဝက်၊ ဆိတ်၊ ကြက် စသည့်တိရစ္ဆာန်များ မွေးမြူကြပြီး နွား၊ ဝက်၊ ဆိတ်ကို စီးပွားဖြစ် မွေးမြူကြပါသည်။ သီတင်းကျွတ်၊ တပိုတွဲ၊ တပေါင်းလများတွင် နွားအများစုသည် ခွာနာလျာနာ၊ သရက်ရွက်ကြီးရောဂါများ ဖြစ်ပွားလေ့ရှိပြီး ၊ တပိုတွဲလတွင် ဝက်အများစုသည် နားရွက်ပြာရောဂါ၊ ကဆုန်လ၌ ကြက်အများစုတွင် ကြက်နာ၁ဝင်ခြင်းရောဂါ၊ တန်ဆောင်မုန်း၊ နတ်တော်လတွင် ဆိတ်များ၌ တုန်အေးရောဂါများ ဖြစ်ပွားလေ့ရှိပြီး နည်းပညာဝန်ဆောင်မှုကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

မြို့စိုးကျေးရွာတွင် ကျပန်းလုပ်ငန်းလုပ်ကိုင်သူ များပြားပြီး အိမ်တွင်းမှု လုပ်ငန်းများဖြစ်သော စက်ချုပ်လုပ်ငန်း၊ ဆန်မှုန့်ကြိတ်လုပ်ငန်း၊ သံဖြူလုပ်ငန်း များကိုလုပ်ကိုင်ကြပြီး၊ အခြားဝင်ငွေရလုပ်ငန်းများမှာ လက်သမား၊ ပန်းရံ၊ ဈေးအရောင်းအဝယ်၊ ဟိုတယ်နှင့် စားသောက်ဆိုင်များသို့ သွားရောက် အလုပ်လုပ်ခြင်း၊ ကျပန်းအလုပ်များ လုပ်ကိုင်ခြင်း၊ ကားမောင်းခြင်း၊ သုံးဘီးမောင်းခြင်း လုပ်ငန်းများ လုပ်ကိုင်ကြပြီး အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများ၊ ကားမောင်းသူများလည်း ရှိပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတု အမျိုးအစား အလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင် ရှိပါသည်။ ကျပန်းလက်လုပ်လက်စားလုပ်ငန်းမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင် နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသည့်အတွက် ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်ပါသည်။ ကျေးရွာနှင့် (၂၇)မိုင် ကွာဝေးသော ပခုက္ကူမြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သော ဆံပင်အလှပြင်၊ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ မုန့်လုပ်နည်း၊ မော်တော် ဆိုင်ကယ်ပြင်လုပ်ငန်း၊ မိုဘိုင်းဖုန်းပြင်လုပ်ငန်း၊ ကားမောင်းလုပ်ငန်းနှင့် ဝပ်ရှော့လုပ်ငန်း စသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများရှိသော်လည်း အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြပါသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် ကိုယ်ပိုင်လုပ်ငန်း ထူထောင်ရန် မတတ်နိုင်ကြပါ။ ရန်ကုန်၊ မန္တလေး၊ ကိုရီးယား၊ မလေးရှား စသည်တို့ရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ဟိုတယ်နှင့် စားသောက်ဆိုင်များသို့ သွားရောက်လုပ်ကိုင်ကြသော ကျပန်း အလုပ်သမားများ ရှိပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု

ကျေးရွာတွင် မြေပဲ၊ ငရုပ်စိုက်ခင်းများ၌ အဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာ သုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားလာပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း အမှိုက်များအား ကျေးရွာအပြင်တွင် စွန့်ပစ်ကြပါသည်။

မြို့စိုးကျေးရွာတွင် တောင်ယာမြေ (၄၇.၈၈)ဧက ရှိသော်လည်း မိုးခေါင်သောကြောင့် စိုက်ပျိုးရန်မှာ ခက်ခဲပါသည်။ ကျွန်းမြေ (၁၄၂.၀၈)ဧကသည် မြေဆီ၊ မြေသြဇာအသင့်အတင့် ကောင်းမွန်ပါသည်။ ကိုင်းကျွန်းမြေများပေါ်တွင် ပဲယင်း၊ ပဲထောပတ်၊ ပဲဇီးကွက်၊ မြေပဲ၊ ပဲနီ စသည့်ဆောင်းသီးနှံများကို ထွန်ယက်စိုက်ပျိုးကြပါသည်။ ဝါသီးနှံအားမိုးရေသောက်၍ စိုက်ပျိုးပါသည်။ ယခုနှစ်တွင် ရေဝတီမြစ်ရေမအောင်၍ စိုက်ပျိုးသီးနှံများ အထွက်နှုန်းလျော့နည်းပါသည်။ မိရိုးဖလာစိုက်ပျိုးနည်းအတိုင်း စိုက်ပျိုးကြပါသည်။ သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ မရှိပါ။ ကိုင်းကျွန်းမြေများတွင် စိုက်ပျိုးသည့် ပဲမျိုးစုံမှထွက်သည့် ပဲရိုး၊ ပဲမှော်များကို နွားစာကျွေးသည့်အတွက် နွားစာ အသင့်အတင့်လုံလောက်ပါသည်။ မြေနိမ့်ပိုင်းများတွင် မိုးများတွင် မိုးများသည်းထန်စွာ ရွာသွန်းချိန်၌ တောင်ကျရေများ ချောင်းရေထဲသို့ ဝင်ရောက်စီးဆင်းသဖြင့် နေအိမ်များတွင် ရေများဝင်ရောက်မှုများဖြစ်ပေါ်ပါသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ (၄)လသာ ထုတ်ချေးခွင့်ရပြီး ပြား(၇၀) အတိုးပေးရပါသည်။ မြေယာပိုင်ဆိုင်မှု ကေပြ၍ ထုတ်ယူရပါသည်။ အခြားတစ်မြို့တစ်ရွာရှိ ငွေတိုးချေးသူများထံမှ (၃)ကျပ်တိုးမှ (၅)ကျပ်တိုးအထိ ချေးငွေများ ချေးယူရပါသည်။ ပက်မြန်မာဟုခေါ်သော ငွေချေးသည့်အဖွဲ့မှ ငွေ(၁၀၀)လျှင် ပြား(၆၀) အတိုးနှုန်းဖြင့် ထုတ်ချေးပါသည်။

ကျေးရွာသူ/သားအများစုသည် ချေးငွေကို (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်အကြွေးတင်ရှိမှုအခြေအနေကို လေ့လာခဲ့ရာ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ အားလုံးသည် အကြွေးယူထားကြပြီး တစ်နှစ်ပတ်လုံး (၁)သိန်းမှ (၃)သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရ ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

မြို့စိုးကျေးရွာတွင် မူလတန်းကျောင်းကျောင်းဆရာ/ဆရာမလုံလောက်ရှိပါသည်။ ကျေးရွာခန့် ကျောင်းဆရာ(၁)ဦး၊ ဆရာမ(၆)ဦး ရှိပါသည်။ ကျောင်းဝန်း၏ စတုရန်းပေမှာ (၈၀၀၀ပေ) ဖြစ်ပါသည်။ ရွာတွင်း၌ စာသင်ကျောင်းရှိသဖြင့် ကျောင်းသား/သူများသွားရေးလာရေးအဆင်ပြေပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသား/သူများသည် ကျေးရွာနှင့် (၃)ဖာလုံကွာဝေးသော ကွန်းချောင်းကျောင်းသို့ သွားရောက် ပညာသင်ကြားကြပါသည်။ ကျွန်းချောင်းကျောင်းသို့ သွားရောက်ပညာသင်ကြားသော အလယ်တန်းနှင့်အထက်တန်းကျောင်းသူ/သားများသည် စက်ဘီး၊ ဆိုယ်ကယ်၊ ခြေလျင်ဖြင့် သွားရောက်ပညာသင်ကြားရပါသည်။ ကျောင်းဖွင့်ရာသီတွင် မူလတန်းနှင့်

အလယ်တန်းကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များ၊ လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးကူညီပေးပါ သည်။

မြို့စိုးကျေးရွာတွင် စာမတတ်သူ မရှိပါ။ မူလတန်းအဆင့်ရှိသူ ဦးရေ ကျား(၁၄၀)ဦး၊ မ(၂၃၃)ဦး၊ အလယ်တန်းအဆင့် ရှိသူဦးရေကျား(၁၀၇)ဦး၊ မ(၁၂၅)ဦး၊ အထက်တန်း အဆင့်ရှိသူဦး ရေ ကျား(၁၀၂)ဦး၊ မ(၅၂)ဦး၊ တက္ကသိုလ်၊ ကောလိပ်အဆင့်ရှိသူကျား(၅၂)ဦး၊ မ(၆၆)ဦး ရှိပါသည်။ လက်ရှိပညာသင်ကြားနေသူဦးရေမှာ KGတန်းတွင် တက်ရောက်နေသော ကျောင်းသား/သူ (၂၅)ဦး ရှိပြီး မူလတန်းတွင် တက်ရောက်နေသော ကျောင်းသား/သူ (၇၅)ဦး၊ အလယ်တန်းတွင် တက်ရောက် နေသော ကျောင်းသား/သူ (၆၁)ဦး၊ အထက်တန်းတွင် တက်ရောက်နေသော ကျောင်းသား/သူ (၃၄)ဦး၊ တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားနေသော ကျောင်းသား/သူ (၂၄)ဦး ရှိပါသည်။

မြို့စိုးကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ သူနာပြုဆရာမ (၁)ဦးရှိပါသည်။ ဆေးပေး ခန်းရှိသော မြစ်ခြေမြို့နှင့် (၇)မိုင် ကွာဝေးပါသည်။ မြစ်ခြေဆေးပေးခန်းတွင် အခန်းကုတင် လုံလောက်မှုရှိပါသည်။ ပခုက္ကူမြို့နယ်ဆေးရုံနှင့် (၂၇)မိုင်ကွာဝေးပြီး အခန်းကုတင် လုံလောက်မှု မရှိပါ။ ရွာအနီးအနားတွင် ဆေးဆိုင်ရှိပါသည်။ မြို့စိုးကျေးရွာတွင် အများပိုင်ရေတွင်းမရှိပါ။ အဝီစိစက်တပ်တွင်းအား ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ တူးဖော်ပေးလျက် ရှိပါသည်။ နွေရာသီတွင် ရေရှားပါး ပြတ်လပ်မှုမရှိပါ။ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းစနစ်အား ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတစ်ရွာလုံးရှိ နေအိမ်တိုင်းတွင် အိမ်သာရှိပါသည်။ မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှော ရောဂါ၊ အစာအိမ်ရောဂါများ ဖြစ်ပွားပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အနားယူအပန်းဖြေနိုင်မည့် ပန်းခြံကစားကွင်းများ မရှိသော်လည်း လူငယ်ရှေ့ဆောင်စာကြည့်တိုက်ရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းစာကြည့်တိုက်အတွင်း ရုပ်ပြ စာအုပ်များ ရှိသော်လည်း ဗဟုသုတရနိုင်သော စာအုပ်များ နည်းပါးပါသည်။ စာကြည့်တိုက်တွင် ရှိသောစာအုပ်စာပေများကို လူငယ်များသွားရောက် ဖတ်ရှုကြပါသည်။ တစ်နှစ်တစ်ကြိမ် ကျင်းပသော ရွာဘုရားပွဲတော်တွင် ကျေးရွာလူငယ်များအတွက် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးပါသည်။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများ၊ သာရေးနာရေးလုပ်ငန်းများ၊ ဘာသာရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဝတ်အသင်း၊ သမဝါယမအသင်း၊ ဘဝတက္ကသိုလ်မသန်စွမ်းအဖွဲ့၊ လူငယ်ရှေ့ဆောင်စာကြည့်တိုက် ကော်မတီ၊ မေတ္တာအလင်းသွေးအလှူရှင်အသင်း၊ ကျောင်းကော်မတီ၊ မီးသတ်အဖွဲ့၊ ယသနလုံးသား ပရဟိတအသင်း၊ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီ၊ သက်ကြီးပူဇော်အသင်း၊ လျှပ်စစ်မီးကော်မတီ၊ မိုးကုတ်တရားပွဲကော်မတီနှင့်လမ်းကော်မတီ စသည့် အဖွဲ့အစည်းများရှိပါသည်။

## (ဇ) အခြေခံအဆောက်အဦး–လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

မြို့စိုးကျေးရွာတွင် တံတားမရှိပါ။ မြို့စိုး၊ သရက်ပင်စု၊ ကျွန်ချောင်းဈေး၊ ဆယ်လံရွာများတွင် (၆၀) KVA ထရန်စဖော်မာ တစ်လုံးသာ ဝိုင်းဝန်းသုံးစွဲကြသဖြင့် မီးအားပြည့်မီခြင်းမရှိပါ။ (၂၀၀) KVA ထရန်စဖော်မာ (၁)လုံးလိုအပ်လျှက်ရှိပါသည်။

ဈေးကွက်ဆိုင်ရာ အသိအမြင်များနှင့် မိုးလေဝသခန့်မှန်းချက်များ သဘာဝဘေး အန္တရာယ် ဖြစ်ပွားမှု အခြေအနေများကို ရေဒီယိုနှင့်တီဗွီများမှတစ်ဆင့် စောင့်ကြည့်နားထောင်ကြပါသည်။ မြို့စိုးကျေးရွာနှင့် (၂)မိုင်ကွာဝေးသော ကန်ကြီးစုကျေးရွာတွင် တယ်လီဖုန်းတာဝါတိုင် (၂)တိုင် ရှိသည်ကို တွေ့ရှိရပါသည်။ ရွာနှင့် (၁)မိုင်ခွဲကွာဝေးသော သစ်တောမြေတွင် တယ်လီဖုန်းတာဝါတိုင် (၁)တိုင် (၁)တိုင်ရှိပါသည်။ ဖုန်းတီဗွီ သတင်းမှတစ်ဆင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှု အခြေ အနေများကို စောင့်ကြည့်နားထောင်ကြပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

မှုခင်းများ ကာကွယ်တားဆီး လျော့ချနိုင်ရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှု ပေးပြီး ကျေးရွာနှင့် (၇)မိုင်ကွာဝေးသော မြစ်ခြေမြို့တွင် ရဲစခန်းရှိသည်ကို တွေ့ရှိရပါသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးစနစ်ကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်သူ မရှိသလောက်ပင်ဖြစ်ပါသည်။ ကျေးရွာ တွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ မြို့စိုးကျေးရွာ တွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အကြမ်းဖက်မှုများ မရှိပါ။

# ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို အသုံးပြုကြသည့်အတွက် ရုပ်မြင်သံကြားမှ သတင်းများ နားထောင်နိုင်ခြင်း ၊ တယ်လီဖုန်းများ အသုံးပြုနိုင်ရေးအတွက် အဆင်ပြေခြင်း၊ စာကြည့်တိုက် ရှိခြင်း၊ ပညာရေးကို အလေးထား ဆောင်ရွက်ခြင်း၊ လူငယ်များ လူမှုရေးအသင်းနှင့် ဘာသာရေး အသင်းများတွင် တက်ကြွစွာ ဆောင်ရွက်ခြင်းတို့ သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူ ပြုပါသည်။

ပညာတတ်လူငယ်များရှိပြီး လူဦးရေအားလုံး၏ (၇၃%)သည် အလုပ်လုပ်နိုင်သည့် အရွယ် များ ဖြစ်ကြပါသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး အသက်မွေးဝမ်းကျောင်းသင်တန်းများ အား လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက် ကောင်းမွန်စေနိုင်ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘူယျအားဖြင့် ကောင်းမွန်ကြပါသည်။ အရေးပေါ်အခြေအနေများနှင့် စိုးရိမ်ရသော ဆေးဝါးကုသမှုများအတွက် မြို့စိုးကျေးရွာနှင့် (၇)မိုင် ကွာဝေးသော မြစ်ခြေတိုက်နယ် ဆေးရုံနှင့်(၂၇)မိုင် ကွာဝေးသော ပခုက္ကူမြို့နယ် ဆေးရုံများသို့ သွားရောက်ကုသကြပါသည်။

သဘာဝအရင်းအမြစ်များတွင် ယာမြေနှင့် ကျွန်းမြေများကို အဓိကထားစိုက်ပျိုးကြ ရပြီး မြေဆီလွှာ အသင့်အတင့်ကောင်းမွန်မှု ရှိပါသည်။ ရေရှားပါးသည့်အတွက် စိုက်ပျိုးသီးနှံများ စိုက်ပျိုးရာတွင် အခက်အခဲရှိပါသည်။ ယခုနှစ်တွင် မိုးခေါင်သဖြင့် တောင်ယာမြေတွင် စိုက်ပျိုးသည့် သီးနှံများမှာ အထွက်နှုန်းလျော့နည်းပြီး အရည်အသွေးကျဆင်းပါသည်။ ကိုင်းကျွန်းမြေတွင် စိုက်ပျိုးသည့် သီးနှံများမှာ ရောဝတီမြစ်ရေမအောင်သဖြင့် စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းမှု အသင့်အတင့်ရှိပါသည်။ ပွင့်လင်းရာသီများတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ ရောင်းချနိုင်ပါသည်။

ကျေးရွာမှ ထွက်ရှိသော စိုက်ပျိုးသီးနှံများကို ရေဒီယိုမှ ထုတ်ပြန်ကြေငြာသော သီးနှံ ဈေးနှုန်းများကို စောင့်ကြည့်နားထောင်၍ ကျေးရွာနှင့် (၂၇)မိုင် ကွာဝေးသော ပခုက္ကူမြို့ ဈေးကွက်သို့ လည်းကောင်း(၇)မိုင် ကွာဝေးသော မြစ်ခြေဈေးကွက်သို့လည်းကောင်း သွားရောက်ရောင်းချကြပါသည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းများ မရှိသလောက်နည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ရှိပါသည်။ အင်တာနက်အသုံးပြုမှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။ ကျေးရွာတွင် မြေဆီလွှာကောင်းမွန်မှု အသင့်အတင့်ရှိပါသည်။ နေပူမရှောင် မိုးရွာမရှောင် လုပ်ရခြင်းကြောင့် တုပ်ကွေး၊ ဖျားနာ၊ ခေါင်းကိုက်၊ နှာစေး၊ ချောင်းဆိုး၊ သွေးတိုး၊ အဆုတ်ရောဂါများ ဖြစ်ပွားတတ်ကြပါသည်။ တောင်သူဈေးကွက် မကောင်းခြင်း၊ မိုးခါးဖျက်၍ သီးနှံများအထွက်နှုန်း လျော့နည်းခြင်းများကြောင့် ကျေးရွာတွင် ကျပန်းလုပ်သားများ များပြားပြီး အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိမှုများ မရှိပါ။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းနှင့် အသိပညာ အထိအတွေ့တို့မှာ အားနည်းမှု ရှိပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် (၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) မြို့စိုးကျေးရွာတွင် တစ်အိမ်တစ်ငုတ်အိမ်တိုင်ရာရောက် ရေပိုက်လိုင်းစနစ် သွယ်တန်းခြင်းဖြင့် ကျေးလက်နေပြည်သူများမှ မိမိတို့၏ ဝင်ငွေရလုပ်ငန်းများအား ပိုမို လုပ်ကိုင်လာနိုင်ခြင်းကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာစေရမည်။

(၂)ကျေးရွာတွင်းရေကျော်နှင့် မြေထိန်းနံရံတည်ဆောက်ခြင်းဖြင့် မိုးရာသီတွင် လမ်းရေလျှံ၍ လမ်းပတ်ဝန်းကျင်ရှိနေအိမ်များ မြေပြိုခြင်းမှ ကင်းဝေးသဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုအား လျှော့ချနိုင်ပြီး သယ်ယူပို့ဆောင်ရေးနှင့် သွားရေးလာရေး အဆင်ပြေလွယ်ကူချောမွေ့၍ လူနေမှု အဆင့်အတန်း မြင့်မားလာ စေရမည်။

(၃) မြို့စိုးကျေးရွာလူထုသည့် အားကစားပြုလုပ်ရန် အားကစားကွင်း ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် လူငယ်၊ လူရွယ်များ ကျန်းမာကြံ့ခိုင်ပြီး ရုပ်ပိုင်းဆိုင်ရာ နှင့်စိတ်ပိုင်းဆိုင်ရာများ တိုးတက်မြင့်မားလာစေရမည်။

(၄) မြို့စိုးကျေးရွာတွင် 200KVA ထရန်စဖော်မာ(၁)လုံးရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာနေပြည်သူများ မီးအားလုံလောက်စွာရရှိပြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လာခြင်း၊ ထင်းမီးများ အသုံးပြုမှု လျော့နည်းခြင်းလာခြင်း၊ ရေဒီယိုတီဗွီများကို ကောင်းစွာကြည့်ရှုနိုင်ခြင်းဖြင့်အသိပညာဗဟုသုတများရရှိလာပြီး ဝင်ငွေများမြင့် မားလာစေရမည်။

(၅) ကိုယ်ဝန်ဆောင်မိခင်များ အသိပညာတိုးပွားလာစေရန် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်များ အသိပညာများတိုးပွားလာနိုင်ပြီး စိတ်ပိုင်းဆိုင်ရာရုပ်ပိုင်းဆိုင်ရာများတိုးတက်မြင့်မားလာစေရမည်။

(၆) စိုက်ပျိုးသီးနှံများ ပိုးမွှားအန္တရာယ်ကျရောက်မှုမှ ကာကွယ်နိမ်နင်းနိုင်ရန် ဆောင်ရွက်ခြင်းဖြင့် တောင်သူလုပ်ငန်းများ တိုးတက်မြင့်မားလာစေရမည်။

(၇) မွေးမြူရေတိရစ္ဆာန်များ ရောဂါကျရောက်မှု လျော့နည်းရေးအသိပညာ နှင့် နည်းပညာ ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရမည်။

(၈) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်းဖြင့် အရေးပေါ် ဖြစ်ပွားလာသော ရောဂါများနှင့် ကိုယ်ဝန်ဆောင် မိခင်များအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိစေရမည်။

(၉) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာကြည့်တိုက်တွင် ဗဟုသုတရရှိစေမည့် စာအုပ်များ နှင့်ရုပ်ပြစာအုပ်များ ထားရှိခြင်းဖြင့် ကျေးရွာလူငယ်များ သုတရသများ ပြည့်စုံကြွယ်ဝလာပြီး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာ စေရမည်။

(၁၀) မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းရှင်းစေရေးနှင့် ထူးချွန်လိမ္မာသော လူငယ်များ ပေါ်ပေါက်လာစေရန် လူငယ်များအား ဝိုင်းဝန်းချီးမြှောက်ပေးခြင်းဖြင့် ကျေးရွာမူးယစ်သောက်စားမှု များကင်းစင်ပြီး ကျေးရွာ၏ အနာဂါတ်ဖွံ့ဖြိုး တိုးတက်လာစေရမည်။

(၁၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လက်မှုပညာသင်တန်း များဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၌ ကျွမ်းကျင်လုပ်သား လိုအပ်ချက်ကို အထောက်အကူပြု ဖြည့်ဆည်းနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာခြင်းနှင့် တစ်ပိုင်တစ်နိုင်မိသားစုလုပ်ငန်းများ ဆောင်ရွက်ခြင်း ဖြင့် မိသားစုဝင်ငွေများ တိုးပွားလာစေရမည်။

(၁၂) မွေးမြူရေးတိရစ္ဆာန်များ ဈေးကွက်ရရှိအောင် အစိုးရထံသို့ တင်ပြခြင်းဖြင့် မွေးမြူရေး တိရစ္ဆာန်ဈေးကွက်မြင့်မားလာစေရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်-

(၁) မြို့စိုးကျေးရွာလူထု၏ လုပ်အားနှင့်ငွေကြေးထည့်ဝင်မှုများ၊ ကျေးရွာတွင် ဦးစီးဦးဆောင် ပြုနိုင်မည့်သူများ၊ ကျေးရွာလူထုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တို့ ပူးပေါင်း ချိတ်ဆက်၍ မြို့စိုးကျေးရွာ၌ အိမ်တိုင်ရာရောက် ရေမီတာသုံး ရေပိုက်လိုင်းစနစ်များ တပ်ဆင်ခြင်းလုပ်ငန်း ပူးပေါင်းဆောင်ရွက်သွားမည်။

(၂) မြို့စိုးကျေးရွာတွင် ကျေးရွာလူထု၏ လုပ်အားနှင့် ငွေကြေးထည့်ဝင်မှုများ၊ ကျေးရွာတွင် ဦးစီးဦးဆောင် ပြုနိုင်မည့်သူများ၊ ကျေးရွာလူထုနှင့် ကျေးလက်လမ်းဦးစီးဌာနတို့ ပူးပေါင်း ချိတ်ဆက်၍ မြို့စိုးကျေးရွာတွင်း၌ ရေကျော်နှင့်မြေထိန်းနံရံ လုပ်ငန်းရရှိနိုင်ရေး ပူးပေါင်း ဆောင်ရွက်သွားမည်။

(၃) မြို့စိုးကျေးရွာရှိ လူငယ်များ လွတ်လပ်စွာကစားနိုင်ရန် အားကစားကွင်းရရှိရေး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၄) မြို့စိုးကျေးရွာတွင် မီးအားအလုံအလောက်ရရှိရေး ထရန်စဖော်မာ 200KVA(၁)လုံး ရရှိနိုင်ရန် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၅) ကိုယ်ဝန်ဆောင်မိခင်များ အားကျန်းမာရေးအသိပညာများ တိုးပွားစေရန်အတွက် ကျန်းမာရေးအသိပညာဟောပြောပွဲများ ပြုလုပ်ရန် ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။

(၆) စိုက်ပျိုးသီးနှံများ ပိုးမွှားကျရောက်ခြင်းမှ ကင်းရှင်းနိုင်ရေးအတွက် စိုက်ပျိုးနည်းပညာ နှင့် အသိပညာများ ရရှိရေးတောင်သူပညာပေး ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၇) မွေးမြူရေးတိရစ္ဆာန်များ ရောဂါကျရောက်မှု လျော့နည်းရေး အသိပညာနှင့် နည်းပညာများ ရယူရန် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။

(၈) ကျေးရွာရှိ ကိုယ်ဝန်ဆောင်မိခင်များ မွေးဖွားရလွယ်ကူရန်နှင့် ကျေးရွာသူ ရွာသားများ၏ အရေးပေါ်အခြေအနေများတွင် ကုသရလွယ်ကူရေးနိုင်ရေး ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ရန်အတွက် တောင်ကုန်းမှ မြေပြန့်ဖြစ်ရန်နှင့် RC တစ်ထပ်တိုက်သွပ်မိုး (၂၅ပေx၂၅ပေ) ဆေးပေးခန်းဆောက်လုပ်နိုင်ရေးကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွား မည်။

(၉) ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် စာကြည့်တိုက်တွင် သုတရသစုံလင်သော စာအုပ်များ ပြည့်စုံစေရန် စာကြည့်တိုက်ကော်မတီ ဖွဲ့စည်း၍ အလှူငွေများကောက်ခံသွားခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၁၀) မြို့စိုးကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အနှောက်အယှက်ဖြစ်စေမည့် လူငယ်များမူးယစ် ဆေးစွဲခြင်းမှ ကင်းဝေးနိုင်ရန်အတွက် ကျေးရွာလူကြီးများမှ ထူချွန်လိမ္မာသော လူငယ်များအား ဝိုင်းဝန်းချီးမြှောက်ခြင်း လုပ်ငန်းများကို ကျေးရွာလူထုပူးပေါင်း၍ နှစ်စဉ်နှစ်တိုင်း ဆောင်ရွက် ပေးသွားမည်။

(၁၁) မြို့စိုးကျေးရွာရှိလူငယ်များအလုပ်အကိုင် အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားရေး၊ ပုံမှန်ဝင်ငွေရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများကျေးရွာ အရောက်ဖွင့်လှစ်နိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၁၂) မွေးမြူရေးတိရစ္ဆာန်များ ဈေးကွက်များ ရရှိရေးအတွက် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ / သားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များ ကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါသည်။

### (ခ) မြို့စိုးကျေးရွာတွင် တစ်အိမ်တစ်ငုတ်ရေမီတာသုံးစနစ်ရရှိရေး

မြို့စိုးကျေးရွာရှ ိနေအိမ်များတွင် ရေတွင်းတူးဖော်ရန် ခက်ခဲသဖြင့် အများသုံးရေကန်သို့ သွားရောက်၍ အချိန်ပေးရေခပ်ရသည့်အတွက် ဝင်ငွေရမည့်လုပ်ငန်းများ လုပ်ကိုင်ရန် အချိန် လျော့နည်းခြင်း၊ အလုပ်များပင်ပန်းချိန်တွင် ပင်ပင်ပန်းပန်းအချိန်ပေး ရေခပ်ရခြင်း စသည့် အခက်အခဲများကြောင့် တစ်အိမ်တစ်ငုတ်ရေမီတာသုံး စနစ်ရရှိပါက အဆင်ပြေပါမည်။ တစ်အိမ် တစ်ငုတ်ရေမီတာသုံး စနစ်ရရှိရန် မြေနေရာရှိခြင်း၊ စက်ရေတွင်းတူးဖော်ရန် မြေနေရာရှိခြင်း အမြင့်တင်ရေစင်ဆောက်လုပ်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ လျာထားပြီး ဖြစ်ခြင်း ကျေးရွာသူကျေးရွာသားများမှ ရေပိုက်လိုင်းတပ်ဆင်ရန် စိတ်ဆန္ဒပြင်းပြနေခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ၊ ကျေးရွာထည့်ဝင်ငွေ၊ ကျေးရွာသားများ၏ လုပ်အားကိုအသုံးပြု၍ မြို့စိုး ကျေးရွာတွင် တစ်အိမ်တစ်ငုတ် ရေမီတာသုံးစနစ်ရရှိရေး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

### (ဂ) ရေကျော်နှင့်မြေထိန်းနံရံလိုအပ်ခြင်း

မြို့စိုးကျေးရွာတွင်းရှိလမ်းမှာ နှစ်ကာလကြာရှည်ခြင်း၊ ရေစားကျောက်များ ဖြစ်ပေါ်ခြင်း၊ မိုးရွာရေဝင်ပါက မြေပြိုခြင်း၊ အိမ်နီးနားပတ်ဝန်းကျင်ရှိ နေအိမ်များ ရေများဝင်ရောက်ခြင်းများ ကြောင့် ရေကျော်နှင့်ရေထိန်းနံရံပြုလုပ်ပေးပါက ကျေးလက်နေပြည်သူများ သွားရေးလာရေး အဆင်ပြေပါမည်။ ကျေးရွာတွင်းရေကျော်နှင့်မြေထိန်းနံရံပြုလုပ်ရန် ကျေးရွာလူထုမှ အလွန်ဆန္ဒ ပြင်းပြနေခြင်း၊ ကျေးရွာသူ/သားများစည်းလုံးညီညွတ်မှုရှိခြင်း၊ ဦးစီးဦးဆောင်လုပ်မည့် လူကြီးများ ရှိခြင်း စသည့် အခြေအနေကောင်းများရှိသဖြင့် ကျေးရွာလူထုနှင့်ကျေးလက်ဦးစီးဌာနတို့ ပူးပေါင်း ချိတ်ဆက်ခြင်းများ ဆောင်ရွက်သွားမည်။

**(ဃ) အားကစားကွင်းရရှိရေး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း**

မြို့စိုးကျေးရွာရှိ လူငယ်များ ကျန်းမာကြံ့ခိုင်စေရန်နှင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာ၌ အားကစားကွင်း ဆောက်လုပ်ပေးနိုင်ရေး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ ယခင်က အားကစားကွင်းရှိသော်လည်း အစိုးရပိုင်မြေအဖြစ် ပြုလုပ်ထားခြင်းကြောင့် သက်ဆိုင်ရာဌာနမှ ဖြေရှင်းဆောင်ရွက်ပေးစေလိုပါသည်။

**(င) 200KVA ထရန်စဖော်မာ (၁)လုံးရရှိရန် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း**

မြို့စိုးကျေးရွာတွင် 200KVA ထရန်စဖော်မာ (၁)လုံးသာရှိပြီး ကျေးရွာအနီးအနားချင်းများမှ ဝိုင်းဝန်းသုံးစွဲကြသည့်အတွက် မီးအားမလုံလောက်ပါသဖြင့် ထရန်စဖော်မာ200KVA(၁)လုံး ထပ်မံရရှိရန် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

**(င) ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများပြုလုပ်ရန် ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း**

ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးအသိပညာနှင့် ဗဟုသုတများ ရရှိစေရေး ၊ ကောင်းမွန်သောအာဟာရများ စားသုံးထက်စေရေးအတွက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ရန် ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

**(စ) တောင်သူပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း**

မြို့စိုးကျေးရွာ ပဲရင်း၊ ပဲထောပတ်၊ မြေပဲ၊ ဝါ၊ ငရုတ်၊ ခရမ်းချဉ် စသည့် သီးနှံများ စိုက်ပျိုးပြီး မြေပဲသီးနှံမှာ မျိုးကောင်းမျိုးသန့် မရရှိပါ။ ပဲရင်း၊ ပဲထောပတ်၊ ပဲနီများမှာ စသည့် စိုက်ပျိုးသီးနှံများ မျိုးကောင်းမျိုးသန့် ရရှိပါသည်။ သီးနှံအထွက်နှုန်းနည်းခြင်း ဈေးကောင်းမရခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း၊ အဖျက်ပိုးအန္တရာယ်ကျရောက်ခြင်း အရည်အသွေးမီ ပိုးသတ်ဆေးမရ ရှိခြင်း၊ ဈေးကောင်းပေးဝယ်ယူရခြင်းနှင့် မြေဆီမြေသြဇာမကောင်းခြင်း စသည့် အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထိုအပြင် ဌာနဆိုင် ရာများနှင့် ချိတ်ဆက်မှုမရှိခြင်း၊ရှေးရိုးစွဲအတိုင်း စိုက်ပျိုးနေရခြင်း၊ နည်းပညာအားနည်းခြင်း စသည့်အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ နည်းပညာပံ့ပိုးမှုများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာသစ်များ ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဦးဆောင်ပြုသင့်ပါသည်။

**(ဆ) မွေးမြူရေးတိရစ္ဆာန်များ ရောဂါကျရောက်မှု လျော့နည်းရေးအသိပညာနှင့် နည်းပညာများ ရယူရန် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း**

မြို့စိုးကျေးရွာတွင် နွား၊ ဆိတ်၊ ဝက်၊ ကြက် စသည့် တိရစ္ဆာန်များကို တပိုင်တနိုင် မွေးမြူကြပြီး ပုံမှန်ကာကွယ်ဆေးမထိုးနိုင်ခြင်း ကြိုတင်ကာကွယ်ရန် အသိပညာနှင့် နည်းပညာအားနည်းခြင်း

ထက်ကျွမ်းသည့်ဆရာဝန်နှင့် ချိတ်ဆက်ရန် အလှမ်းကွာဝေးခြင်း စသည့် အခက်အခဲများရှိသော်လည်း ကျေးရွာသို့လာရောက်ကုသပေးပါက ငွေကြေးတတ်နိုင်ခြင်း စသည့် အခြေအနေကောင်းရှိသဖြင့် မွေးမြူရေးတိရစ္ဆာန်များ ရောဂါကျရောက်မှု လျော့နည်းရေးအသိပညာနှင့် နည်းပညာများ ရရှိနိုင်ရေး တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးဦးဆောင်ပြုသင့်ပါသည်။

**(ဇ) ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန်အတွက် တောင်ကုန်းမှ မြေပြန့်ဖြစ်ရန်နှင့် RC တစ်ထပ်တိုက်သွပ်မိုး(၂၅ပေx၂၅ပေ)ဆေးပေးခန်းဆောက်လုပ်ရန်**

ကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင်များ မွေးဖွားရာ၌လည်းကောင်း၊ အရေးပေါ် ကျန်းမာရေး အခြေအနေ ပေါ်ပေါက်လာသည့်အခါ၌လည်းကောင်း၊ မွေးဖွားရန်နှင့် ကုသရန်အတွက် မြို့သို့ သွားရာတွင် မိုးရာသီ၌ ကျေးရွာတွင်းလမ်းမကောင်းခြင်း၊ အရပ်လက်သည်နှင့် အရံသားဖွား ဆရာမသာ ရှိခြင်းကြောင့် မွေးဖွားရန်နှင့် ဆေးကုသပေးရန် အခက်အခဲရှိပါသည်။ အရေးပေါ် ကျန်းမာရေး အခြေအနေများနှင့် ကိုယ်ဝန်ဆောင်မိခင်များ သားဖွားမှုလွယ်ကူစေရန် ကျန်းမာရေး ဦးစီးဌာန မှ ဆောင်ရွက်ပေးသင့်ပါသည်။

**(ဈ) စာကြည့်တိုက်တွင် ဗဟုသုတရရှိစေမည့် စာအုပ်များဝယ်ယူရန်အတွက် အလှူခံခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း**

မြို့စိုးကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း ငွေကြေးမတတ်နိုင်သဖြင့် ဗဟုသုတရရှိနိုင်မည့်စာအုပ်များ နည်းပါးနေသည့်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗဟုသုတရရှိနိုင်မည့် စာအုပ်များ ထောက်ပံ့ပေးသင့်ပါသည်။ ကျေးရွာမှလည်း အလှူရှင်ရှာဖွေ၍ ဗဟုသုတရရှိစေမည့် စာအုပ်များရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ည) ထူးချွန်လိမ္မာသော လူငယ်များ များပြားစွာ ပေါ်ပေါက်လာနိုင်ရေး ကျေးရွာလူထုမှ ဝိုင်းဝန်းချီးမြှောက်ခြင်း**

မြို့စိုးကျေးရွာရှိလူငယ်များမှာ အရက်၊ ဆေးလိပ်၊ ကွမ်းယာများကို အလွယ်တကူ ဝယ်ယူသောက်သုံးနေကြပြီး အရက်၊ ဆေးလိပ်၊ ကွမ်းယာကြောင့်ဖြစ်သော ဆိုးကျိုးများကို သိသောလူငယ်များရှိသကဲ့သို့ ဆိုးကျိုးများကို သိသော်လည်း လိုက်နာသောလူငယ်များ ရှားပါးခြင်း၊အသိပညာပေးဟောပြောပွဲများ ဖွင့်လှစ်ပို့ချမည့် ဆရာသမားများ မရှိခြင်း စသည့်အခက်အခဲများကြောင့် ထူးချွန်လိမ္မာသော လူငယ်များ များစွာပေါ်ပေါက်လာနိုင်ရေး ကျေးရွာလူထုမှ နှစ်စဉ်ဂုဏ်ပြုပွဲများ ကျင်းပ၍ ဝိုင်းဝန်းချီးမြှောက်သင့်ပါသည်။

**(ဋ) အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်နိုင်ရေး အိမ်တွင်းမှုသင်တန်းကျောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း**

မြို့စိုးကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများတက်လိုသည့် ကျေးရွာသူ၊ ကျေးရွာသားများရှိသော်လည်း ငွေကြေးပေး၍ ဆရာငှားရန် မတတ်နိုင်သကဲ့သို့ မြို့သို့သွားရောက်တက်

မည်ဆိုပါက ဝမ်းစာရေးအတွက် အခက်အခဲရှိပါသည်။ အိမ်တွင်းမှုသင်တန်းကျောင်းနှင့် ပုဂ္ဂလိက အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကျေးရွာအရောက် သင်တန်းများပို့ချပေး စေလိုပါသည်။

### (ဆ) အစိုးရထံသို့ တိရစ္ဆာန်ဈေးကွက်များ ရရှိရန် လမ်းဖွင့်ပေးနိုင်ရေးတင်ပြခြင်း

မြို့စိုးကျေးရွာတွင် နွား၊ ဆိတ်၊ ဝက်၊ ကြက် စသည့်မွေးမြူရေး တိရစ္ဆာန်များကို တစ်ပိုင်တစ်နိုင်မွေးမြူကြပြီး တစ်ခြားတစ်မြို့တစ်ရွာမှလာရောက်ဝယ်ယူပါက ဈေးနှုန်းမှန်ကန်စွာဖြင့် လွယ်ကူစွာ ရောင်းချနိုင်သော်လည်း တိရစ္ဆာန်မွေးမြူသူများမှ ၎င်းတို့ရောင်းချလိုသည့်အချိန်တွင် အချိန်မရွေးဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သော တိရစ္ဆာန်ဈေးကွက်များ ရရှိရန် လမ်းဖွင့်ပေးနိုင်ရေး ကျေးရွာလူထုမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များ အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုအဖြစ် သဘောထား နားလည်စေနိုင်မည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် (၅) နှစ်တာစီမံချက်ကာလ အတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်ထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက (၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုရသည့် ကာလက ဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံနိုင်မှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည်(၂)နှစ် (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း (၅)နှစ်တာကာလတစ်လျှောက် လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက် များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာန များအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင် သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ် ခြင်း (Economic Classification) သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification) ဝန်ကြီးဌာန များ၊ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြား များကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic Classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ စီမံချက်ကို အမှတ်ပေး အဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်–

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ–

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ရေပေးရေး** | * တစ်အိမ်တစ်ငုတ်ရေမီတာသုံးစနစ်ရရှိရေးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | * မြို့စိုးကျေးရွာတစ်အိမ်တစ်ငုတ်ရေမီတာသုံးစနစ်ရရှိရေးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| **အခြား** | * ကျေးရွာတွင်းလမ်းရေကျော်နှင့်ရေထိန်းနံရံလိုအပ်ခြင်း | ၉၅ | ၂ | * ကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| **လူငယ်ဖွံ့ဖြိုးရေး** | * အားကစားကွင်းရရှိရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၉၀ | ၃ | *အားကစားကွင်းရရှိရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| **မီးလင်းရေး** | * ထရန်စဖော်မာ 200KVA တစ်လုံးရရှိရန် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူး ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၈၅ | ၄ | * ထရန်စဖော်မာ 200KVA တစ်လုံး ရရှိရန် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူး ရေး ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင် ရွက်သွားမည်။ | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ကျန်းမာရေး** | * ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ရန် ကျန်းမာရေး ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ၈၀ | ၅ | * ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ရန် ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| **စိုက်ပျိုးရေး** | * တောင်သူပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီ များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၇၅ | ၆ | * စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ တောင်သူပညာ ပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီများ နှင့် ချိတ်ဆက်ခြင်းများ ဆောင်ရွက်သွားမည်။ | |
| **မွေးမြူရေး** | * မွေးမြူရေးတိရစ္ဆာန်များရောဂါကျရောက်မှု လျော့နည်းရေး အသိပညာနှင့် နည်းပညာများ ရယူရန် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ၇၀ | ၇ | * တိရစ္ဆာန်များရောဂါကျရောက်မှုလျော့နည်းရေး အသိပညာနှင့် နည်းပညာများ ရယူရန် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ကျန်းမာရေး** | * ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန်အတွက် တောင်ကုန်းမှ မြေပြန့်ဖြစ်ရန်နှင့် RCတစ်ထပ်တိုက်သွပ်မိုး (၂၅'x၂၅') ဆေးပေးခန်းဆောက်လုပ်ရန် | ၆၅ | ၈ | * ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန်အတွက် တောင်ကုန်းမှ မြေပြန့်ဖြစ်ရန်နှင့် RCတစ် ထပ်တိုက်သွပ်မိုး (၂၅'x၂၅') ဆေးပေးခန်းဆောက်လုပ်နိုင်ရေး ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |
| **လူငယ်ဖွံ့ဖြိုးရေး** | * စာကြည့်တိုက်တွင် ဗဟုသုတရရှိစေ မည့် စာအုပ်များဝယ်ယူရန်အ တွက် အလှူခံခြင်း၊ ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၆၀ | ၉ | * စာကြည့်တိုက် တွင်ဗဟုသုတရရှိနိုင်မည့် စာအုပ်များဝယ်ယူနိုင်ရေးကော်မတီဖွဲ့စည်း၍ အလှူငွေကောက်ခံခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက် သွားမည်။ | |
| **ကျန်းမာရေးကဏ္ဍ** | * ယင်လုံအိမ်သာသုံးစွဲရေး ပညာပေးရန် နှင့် ငွေကြေးမတတ်နိုင်သောသူများ အတွက် ပံ့ပိုးပေးရန်။ | ၅၅ | ၉ | * ကျေးရွာနှင့် ကျန်းမာရေးဦးစီးဌာနတို့ ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားမည်။ | |
| **အခြား** | * ထူးချွန်လိမ္မာသောလူငယ်များ များပြားစွာပေါ်ပေါက်လာနိုင်ရေး ကျေးရွာလူထုမှဝိုင်းဝန်းချီးမြှောကင်ခြင်း | ၅၀ | ၁၀ | * ကျေးရွာလူထုအကူအညီဖြင့် နှစ်စဉ်ကျင်းပနိုင်ရေးဆောင်ရွက်သွားမည်။ | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **အသက်မွေးဝမ်းကျောင်း ကဏ္ဍ** | * အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်နိုင်ရေးအိမ်တွင်းမှုသင်တန်းကျောင်း၊ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၄၅ | ၁၁ | * အိမ်တွင်းမှု သင်တန်းကျောင်းနှင့် ဆက်သွယ်ဆောင်ရွက် သွားမည်။ | |
| **မွေးမြူရေး** | * အစိုးရထံသို့ တိရစ္ဆာန်ဈေးကွက်များရရှိရန် လမ်းဖွင့်ပေးနိုင်ရေးတင်ပြခြင်း | ၄၀ | ၁၂ | * အစိုးရထံသို့ တိရစ္ဆာန် ဈေးကွက်များရရှိရန် လမ်းဖွင့်ပေးနိုင်ရေးတိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | |

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | တစ်အိမ်တစ်ငုတ် ရေမီတာသုံးစနစ် ရရှိရေး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ၁ | ✓ | | | | |
| ၂ | ကျေးရွာတွင်းလမ်း ရေကျော်နှင့် ရေထိန်းနံရံလိုအပ်ခြင်း | ၂ | ✓ | ✓ | | | |
| ၃ | အားကစားကွင်း ရရှိရေး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၃ | ✓ | ✓ | ✓ | ✓ | ✓ |
| ၄ | ထရန်စဖော်မာ (200)KVAတစ်လုံး ရရှိရန် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင် ရွက် ခြင်း | ၄ | | ✓ | ✓ | ✓ | ✓ |
| ၅ | ကိုယ်ဝန်ဆောင် မိခင်များ အတွက် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ရန် ကျန်းမာရေး ဦးစီး ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ၅ | ✓ | ✓ | ✓ | ✓ | ✓ |
| ၆ | တောင်သူပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန်စိုက်ပျိုးရေးဦးစီးဌာန၊စိုက်ပျိုးရေးကုမ္ပဏီများ နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ၆ | ✓ | ✓ | ✓ | ✓ | ✓ |
| ၇ | မွေးမြူရေးတိရစ္ဆာန်များ ရောဂါကျရောက်မှုလျော့နည်းရေး အသိပညာ နှင့် နည်းပညာများရယူရန် တိရစ္ဆာန် မွေးမြူရေး နှင့် ကုသရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၇ | ✓ | ✓ | ✓ | ✓ | ✓ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန်အတွက် တောင်ကုန်းမှ မြေပြန့်ဖြစ်ရန်နှင့် RCတစ်ထပ်တိုက်သွပ်မိုး (၂၅ပေx၂၅ပေ)ဆေးပေးခန်းဆောက်လုပ်ရန် | ၈ | | | ✓ | ✓ | ✓ |

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေးအဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၉ | စာကြည့်တိုက်တွင် ဗဟုသုတရရှိစေမည့် စာအုပ်များဝယ်ယူရန်အတွက် အလှူခံခြင်း၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ၉ | ✓ | ✓ | ✓ | ✓ | ✓ |
| ၁၀ | ထူးချွန်လိမ္မာသော လူငယ်များ များပြားစွာပေါ်ပေါက်လာနိုင်ရေးကျေးရွာလူထုမှ ဝိုင်းဝန်းချီး မြှောက် ခြင်း | ၁၀ | ✓ | ✓ | ✓ | ✓ | ✓ |
| ၁၁ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်နိုင်ရေး အိမ်တွင်းမှုသင်တန်းကျောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာန နှင့် ချိတ် ဆက်ဆောင်ရွက်ခြင်း | ၁၁ | ✓ | ✓ | ✓ | ✓ | ✓ |
| ၁၂ | အစိုးရထံသို့ တိရစ္ဆာန်ဈေးကွက်များ ရရှိရန် လမ်းဖွင့်ပေးနိုင်ရေး တင်ပြခြင်း | ၁၂ | ✓ | ✓ | ✓ | ✓ | ✓ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း

ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့် တင်ရေး | |
| ၁ | တစ်အိမ်တစ်ငုတ်ရေမီတာသုံးစနစ်ရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | | | ✔ | | |
| ၂ | ကျေးရွာတွင်းလမ်းရေကျော်နှင့်ရေထိန်းနံရံလိုအပ်ခြင်း | | | ✔ | | |
| ၃ | အားကစားကွင်းရရှိရေး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | | | | ✔ | |

| | | | | | | |
|---|---|---|---|---|---|---|
| ၄ | ထရန်စဖော်မာ200KVA တစ်လုံး ရရှိရန် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | | | ✔ | | |
| ၅ | ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ရန်ကျန်းမာရေး ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | | | | ✔ | |
| ၆ | တောင်သူပညာပေးဆွေးနွေးပွဲ များပြုလုပ်ရန်စိုက်ပျိုးရေးဦးစီးဌာန၊စိုက်ပျိုးရေးကုပ္မဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် | | | | ✔ | |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့် တင်ရေး | |

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | မွေးမြူရေးတိရစ္ဆာန်များရောဂါကျရောက်မှု လျော့နည်းရေးအသိပညာနှင့်နည်းပညာများရယူရန် တိရစ္ဆာန်မွေးမြူနှင့်ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | | | | ✔ | |
| ၈ | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန်အတွက် တောင်ကုန်းမှ မြေပြန့်ဖြစ်ရန်နှင့်RCတစ်ထပ်တိုက်သွပ်မိုး(၂၅ပေx၂၅ပေ)ဆေးပေးခန်းဆောက်လုပ်ရန် | | | ✔ | | |
| ၉ | စာကြည့်တိုက်တွင်ဗဟုသုတရရှိစေမည့်စာအုပ်များဝယ်ယူရန်အတွက်အလှူခံခြင်း၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | | | | | ✔ |
| ၁၀ | ထူးချွန်လိမ္မာသောလူငယ်များများပြားစွာပေါ်ပေါက်လာနိုင်ရေးကျေးရွာလူထုမှ ဝိုင်းဝန်းချီးမြှောက်ရန် | | | | ✔ | |
| ၁၁ | အသက်မွေးဝမ်းကျောင်းသင်တန် း များဖွင့်လှစ်နိုင်ရေးအိမ်တွင်းမှုသင်တန်းကျောင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ် ဆက် ဆောင်ရွက်ရန် | | | | ✔ | |
| ၁၂ | အစိုးရထံသို့ တိရစ္ဆာန်ဈေးကွက်များရရှိရန်လမ်းဖွင့်ပေးနိုင်ရေးတင်ပြရန် | | | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်ရန် ဦးဆောင်ပါမည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များမှ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမည့် တာဝန် ယူဆောင်ရွက်သော်လည်း အခြားသော မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

## (ဂ) ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

မြို့စိုးကျေးရွာ တစ်အိမ်တစ်ငုတ်ရေမီတာသုံးစနစ်ရရှိရေး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နည်းပညာအကူအညီများ ရယူ၍ ကျေးရွာလူထု၏ စုပေါင်းအားဖြင့် ဆောင်ရွက်သွားပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# ၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ

ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန်သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်း များ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical Progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress)တို့ကို စနစ်တကျကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို တစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေ သော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့သည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက် များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံအချက်အလက်များသည် စီမံကိန်းတိုးတက်မှု ကို တိုင်းတာမည့် အညွှန်းကိန်း(Indicator)များ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ တောင်းခံလွှာတင်ပြ သည့်အချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(Monitoring Report)ကို လူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ပါမည်။ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် အောက်ပါအချက်များ အပေါ် ဦးတည်ပါမည်-

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက် နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊

- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလပြီးမြောက်ချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (နည်းပညာပံ့ပိုးပေးသူများ၊ ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာ များ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူ များထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

နည်းပညာဆိုင်ရာအကူအညီကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားပါမည်။

**နောက်ဆက်တွဲ (၁)**

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

## (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၂ | ၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၂ | ၁၅ | ၂၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၂ | ၃၇ | ၆၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၇ | ၃၉ | ၈၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၇ | ၄၇၈ | ၈၇၅ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၄၇ | ၈၅ | ၁၃၂ |
| **စုစုပေါင်း** | | **၅၃၅** | **၆၅၆** | **၁၁၉၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၉၅** | | |

**လေ့လာတွေ့ရှိချက်။** ။ မြို့စိုးကျေးရွာတွင်အိမ်ထောင်စုပေါင်း (၂၉၅)စုရှိပြီး၊ ကျား(၅၃၅)ဦး၊ မ (၆၅၆)ဦး ဖြင့် လူဦးရေပေါင်း (၁၁၉၁)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ (၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ် ထောင်နှုန်း (၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်လုပ် နိုင်သည့် အရွယ်ရှိသည့် လူဦးရေသည် ကျေးရွာရှိလူဦးရေပေါင်း၏ (၇၃.၄၆)% ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၇ | ၁၂၉ | ၂၂ | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၁၂ | ၁၈ | ၃ | မြင့်☐လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | မြင☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၂ | ၁၂ | ၁ | မြင့်☐လတ☐နိမ့်☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၃ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၁ | ၅၀ | ၂၄ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၄ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၂ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၉ | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | ၇ | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၈၀ | ၁၂၈ | ၅၀ | ☒ |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | | | | ☒ |

**လေ့လာတွေ့ရှိချက်။** ။ မြို့စိုး ကျေးရွာတွင် ပင်စင်စားများလည်းရှိပါသည်။ ကားမောင်း၊သုံးဘီးဆိုင်ကယ်မောင်းခြင်း၊ စက်လှေမောင်း စသည့်အလုပ်များလုပ်ကိုင်ကြပါသည်။ ပုဂံ၊ညောင်ဦးမြို့များရှိ ဟိုတယ်နှင့် စားသောက်ဆိုင်များသို့ သွားရောက် လုပ်ကိုင် ကြပါ သည်။ ဆန်မုန့်ကြိတ်လုပ်ငန်းလုပ်ကိုင်သူ(၁)ဦးရှိပါသည်။မုန့်ကြော်ရောင်းသူ(၁)ဦးရှိပါသည်။သံဖြူလုပ်ငန်း လုပ်ကိုင်သူ(၁)ဦးရှိပါသည်။ဓါတ်ပုံ၊ဗွီဒီယိုလုပ်ငန်းလုပ်ကိုင်သူ (၁)ဦးရှိပါသည်။ ဘရူးနိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူ (၁)ဦးရှိပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | – | – | – | – |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | | ၆၀၀၀ | – |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၂၅၀၀ | | ၂၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | ၇၀၀၀ | | ၃၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၂၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၀ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ မြို့စိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြပြီး ကျား/မ နေ့စားလုပ်အားခ ကွဲပြားသည်ကို တွေ့ရှိရပါသည်။ နွား၊ ဆိတ်၊ ဝက် စသည့်တိရစ္ဆာန်များမွေးမြူကြပြီး ကိုယ်တိုင်ကျောင်းသည်ကို တွေ့ရှိရပါသည်။ လက်သမား၊ ပန်းရံလုပ်ငန်းများကို အမျိုးသားများသာလုပ်ကိုင်ကြပြီးအမျိုးသမီးများလုပ်ကိုင်ခြင်းမရှိပါ။ ပုဂံ၊ညောင်ဦး မြို့များရှိ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများသို့ အမျိုးသား၊အမျိုးသမီး လူငယ်များ သွားရောက်လုပ်ကိုင်ကြပါသည်။ ကိုယ်ပိုင်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီး (၇) ဦး ရှိပါသည်

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၄၇.၈၈ | ကောင်း ☐ | သင့်☐ | ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၄၂.၀၈ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | | ☒ |

**လေ့လာတွေ့ရှိချက်။** ။ မြို့စိုးကျေးရွာတွင် တောင်ယာမြေ (၄၇.၈၈)ဧကရှိပြီး ပဲစိမ်းငုံ၊ ဝါ၊ မြေပဲ၊ ဧရတ်၊ ခရမ်းချဉ်စသည့်သီးနှံများစိုက်ပျိုးပါသည်။ ယခုနှစ်တွင် မိုးခေါင်သဖြင့် မြေပဲစိုက်ပျိုးရာတွင် သီးနှံ အထွက်နည်းခြင်း၊ စိုက်ပျိုးသီးနှံများအရည်အသွေးမပြည့်မီသောကြောင့် ဈေးကောင်းမရ သဖြင့် တောင်သူများအရှုံးပေါ်ပါသည်။ ရေတွင်းတူးရာတွင် အခက်အခဲရှိသောကြောင့် စိုက်ပျိုး သီးနှံများကို ရေသွင်းစိုက်၍ မရဘဲ မိုးရေဖြင့်သာ စိုက်ပျိုးနေရပါသည်။ ယခုနှစ်တွင်မိုးခေါင် သဖြင့်စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းမှုမရှိပါ။ ကိုင်းကျွန်းမြေ (၁၄၂.၀၈)ဧက ရှိပြီး ပဲယင်း၊ ပဲထောပတ်၊ ပဲဇီးကွက်၊ မြေပဲ၊ ပဲနီ စသည့်ဆောင်းသီးနှံများစိုက်ပျိုးကြပါသည်။ ဧရာဝတီ မြစ်ရေမအောင်၍ စိုက်ပျိုးသီးနှံများအထွက်နှုန်းလျော့နည်းပါသည်။ စိုက်ပျိုးသီးနှံအရည်အသွေးပေါ်မူတည်၍ ဈေးနှုန်း ကွဲပြားပါသည်။ ဆောင်းသီးနှံ စိုက်ပျိုးရောင်းချရာတွင် တောင်သူများတွက် အခြေအနေ အသင့်အတင့် ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်များတွင် လုပ်သားများခေါ်ယူရပါသည်။ ကိုင်းကျွန်းမြေများသည် မြေဆီမြေသြဇာ ကောင်းမွန်သည် ကို တွေ့ရှိရပါသည်။ လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ဓနိတောမြေ၊ စားကျက်မြေ၊ မြေလွတ်မြေလပ်များမရှိပါ။

### (၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☐ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☐ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ ) | များ☐ သင့် ☐ နည်း☐ မရှိ☐ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ☐ | ☒ |

**လေ့လာတွေ့ရှိချက်။** ။ သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများမရှိပါ။ ကျောက်၊ သဲ၊ကျောက်စရစ်များမရှိပါ။ ကိုင်းကျွန်းမြေများတွင် စိုက်ပျိုးသည့် ပဲမျိုးစုံမှ ထွက်သည့် ပဲရိုး၊ ပဲမှော်များကို နွားစာ ကျွေးသည့်အတွက် နွားစာအသင့်အတင့်လုံလောက်ပါသည်။ သဘာဝတိရစ္ဆာန် မျိုးစိတ်များ မရှိပါ။

### (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | | | | |
| အိမ်အခြေအနေ | | | | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | | | | |
| **အိမ်ထောင်စု** | ၃၉ | ၁၀၈ | ၉၄ | ၅၄ |

**လေ့လာတွေ့ရှိချက်။** ။ ချမ်းသာသောအိမ်ထောင်စု( ၃၉ )စု၏ မြေကေပိုင်ဆိုင်မှုမှာ (၂)ကေ ရှိပြီး အိမ်ထောင်စု (၁၁)စုတွင် ရေတွင်း (၁)တွင်းစီ ရှိပါသည်။ ယင်လုံအိမ်သာ (၁)လုံး၊ ဆိုင်ကယ်

(၁)စီးရှိပါသည်။ ကားပိုင်ဆိုင်သည့် အိမ်ထောင်စု (၆)စု ရှိပြီးအိမ်ထောင်စုအများစုမှာ ဖုန်း(၁)လုံး၊ တီဗွီ(၁)လုံး၊ စလောင်း(၁)လုံးစီပိုင်ဆိုင်ကြပါသည်။ ပြေလည်သောအိမ်ထောင်စုများမှာ ကုန်စိမ်းအရောင်းအဝယ်၊ အစိုးရဝန်ထမ်းနှင့်နွားမွေးမြူရေးလုပ်ငန်းစသည့်လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ အိမ်ထောင်စုများအားလုံးကို ကိုင်းကျွန်းမြေ (၀.၆၅)ဧကစီ ပေးဝေထားသော်လ ည်း စီးပွားရေးအဆင်မပြေသောကြောင့် ပေးဝေထားသောကိုင်းကျွန်းမြေများကို ရောင်းချပြီး ကြုံရာကျပန်းလုပ်ကိုင်စားသောက်သည်ကို တွေ့ရပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စုအရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ**(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၂၀ | အခြားအစာပြောင်းလဲစား= _____-________<br>အစာလျှော့စား = ______-_______<br>အထောက်အပံ့ယူ = Â<br>ချေးယူ = Â<br>လုပ်အားခကြိုယူ= _______-______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂၄ | အခြားအစာပြောင်းလဲစား= _____-________<br>အစာလျှော့စား = _____-________<br>အထောက်အပံ့ယူ = Â<br>ချေးယူ = ______-_______<br>လုပ်အားခကြိုယူ= ___-_________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား= ______-_______<br>အစာလျှော့စား = ______-_______<br>အထောက်အပံ့ယူ = Â<br>ချေးယူ = ______-_______<br>လုပ်အားခကြိုယူ= _____-________ |

**လေ့လာတွေ့ရှိချက်။** ။ (၃)လအောက် ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု ( ၂၀)အိမ်ထောင်စုရှိပြီး (၃)လနှင့် (၆)လကြား ဝမ်းစာဖူလုံသည့် အိမ်ထောင်စု ( ၂၄ )စုရှိပါသည်။ (၆)လမှ (၁၂)လအထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စု (၁၀ ) စု ရှိသည်ကို တွေ့ရှိရပါသည်။ (၃)လအောက် ဝမ်းစာဖူလုံမှု ရှိသော အိမ်ထောင်စုများနှင့်(၃)လနှင့် (၆)လကြား ဝမ်းစာဖူလုံသည့်

အိမ်ထောင်စုနှင့် (၆)မှ (၁၂)လ အထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စုများမှာ ဆွေမျိုးသားချင်းများနှင့် ငွေကြေးတတ်နိုင်သူများထံမှ ချေးငှားစားသောက်ကြရပါသည်။ကျန်းမာရေးမကောင်းသည့် အခြေအနေများပေါ်ပေါက်လာပါက တစ်ရွာလုံးမှ ဝိုင်းဝန်းထောက်ပံ့သည်ကို တွေ့ရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | ၉ | ၉ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁၅ | | |

**လေ့လာတွေ့ရှိချက်။** ။ မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက် မ(၉)ဦး၊ ရှိပြီး အိမ်နီးနားချင်းများမှ ဝိုင်းဝန်းပြုစုစောင့်ရှောက်သည်ကို တွေ့ရှိရပါသည်။ ပိုလီယိုရောဂါရှိသူ (၂)ဦး၊ စွံအနားမကြား(၂)ဦး၊ ခြေထောက်တစ်ဖက်မပါသူ (၁)ဦးရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု မရှိပါ။ ဆင်းရဲ၍မိသား စုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စုမရှိပါ။ အခြားဒေသသို့ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်သည့်ဆင်းရဲသည့်အိမ်ထောင်စုမရှိပါ။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐လတ် ☐ နိမ့်☐မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐လတ် ☐ နိမ့်☐မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ☐နိမ့်☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၆ | မုန်တိုင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၇ | လျှော်ပင်ဖြစ်ခြင်းတွင် | မြင့် ☐လတ် ☐နိမ့်☐ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |

**လေ့လာတွေ့ရှိချက်။** ။ မိုးရာသီရေကြီးချိန်များတွင် မပြေလည်သောအိမ်ထောင်စုနှင့်အလွန်မပြေလည်သော အိမ်ထောင်စုများမှာ စားနပ်ရိက္ခာ ဖူလုံမှု မရှိသည်ကို တွေ့ရှိရပါသည်။ ယာမြေများတွင် ရေတွင်းတူးမရသဖြင့် မိုးရေကိုသာ စောင့်မျှော်၍ စိုက်ပျိုးရပါသည်။ ကိုင်းကျွန်းမြေများတွင် ဧရာဝတီ မြစ်ရေကို အားကိုးအားထားပြု၍ စိုက်ပျိုးကြပါသည်။ ယခုနှစ်တွင် မိုးခေါင်သဖြင့် မြေပဲစိုက်ပျိုးရာတွင် သီးနှံ အထွက်နည်းခြင်း၊ စိုက်ပျိုးသီးနှံများအရည် အသွေးမပြည့်မီသောကြောင့် ဈေးကောင်းမရသဖြင့် တောင်သူများအရှုံး ပေါ်ပါသည်။ ဆောင်းသီးနှံ စိုက်ပျိုးရောင်းချရာတွင် တောင်သူများတွက် အခြေအနေ အသင့်အတင့် ကောင်းမွန်သည်ကို တွေ့ရှိ ရပါသည်။ ယခုနှစ်တွင် အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ လျှော်ဖြစ်ပွား မှုနည်းပါးသည်ကိုတွေ့ရှိရပါသည်။ တီဘီရောဂါဖြစ်ပွားမှုအသင့်အတင့်ဖြစ်ပွားမှုရှိပြီး ပခုက္ကူမြို့သို့ သွားရောက်ကုသရပါသည်။ ဝက်နာရောဂါကျရောက်မှုဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၉ | | |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☐ မရှိ ☐ |

**လေ့လာတွေ့ရှိချက်။ ။** မိုးခေါင်၍ သီးနှံများအထွက်နည်းသည့်အချိန်တွင် ပုဂံ၊ညောင်ဦးမြို့များသို့ သွားရောက်၍ လုပ်ကိုင်ကြပါသည်။ လက်လုပ်လက်စားကျပန်းအလုပ်သမား များပြားသည်ကို တွေ့ရပါသည်။ ရန်ကုန်နှင့်မန္တလေးမြို့ရှိ ကုမ္ပဏီမများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဝတ်အသင်း | ၁☐ ၂☐ ၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ကျောင်း ကော်မတီ | ၁☐ ၂ ၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ဘဝတက္က သိုလ် မသန်စွမ်းအဖွဲ့ | ၁☐ ၂☐ ၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း<br>သင့် ☐<br>ညံ့ ☐ |
| ၄ | လူငယ်ရေ့ဆော | ၁☐ ၂ ၃☐ | | | | ပညာရေး☐ငွေကြေး☐ | ကောင်း ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | င် စာကြည့်တိုက်ကော်မတီ | | | | | ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သင့် ☐ ညံ့ ☐ |
| ၅ | မေတ္တာအလင်း သွေးအလှူရှင်အသင်း | ၁☐ ၂ ၃☐ | | | | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း သင့် ☐ ညံ့ ☐ |
| ၆ | မီးသတ်အဖွဲ့ | ၁☐ ၂ ၃☐ | | | | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း သင့် ☐ ညံ့ ☐ |
| ၇ | ယသနလုံးသား ပရဟိတအသင်း | ၁☐ ၂ ၃☐ | | | | ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း သင့် ☐ ညံ့ ☐ |
| | ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ | | | | | | |
| | သက်ကြီးပူဇော်အသင်း | | | | | | |
| | လျှပ်စစ်မီးလင်းရေးကော်မတီ | | | | | | |
| | မိုးကုတ်တရားပွဲကော်မတီ | | | | | | |

**လေ့လာတွေ့ရှိချက်။** ။ မြို့စိုးကျေးရွာတွင် သက်ကြီးပူဇော်အသင်းကို လူကြီး၊ လူလတ်၊

လူငယ်များဖြင့် ဖွဲ့စည်းထားပြီး အသက် (၇၀)မှ၊ (၇၀)အထက်ရှိ သက်ကြီးဘိုးဘွားများကို တစ်နှစ်တစ်ကြိမ် ဆေးဝါး၊ အသုံးအဆောင်၊ငွေကြေးများနှင့်အာဟာရများဖြင့် တိုက်ကျွေးပူဇော်ပါသည်။ ယသနလုံးသားပရဟိတအသင်းမှ အပတ်စဉ် အင်္ဂါနေ့တိုင်း အသက် (၇၀)မှ အထက်ရှိ သက်ကြီးဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး (၅)နှစ်အထက်မှ နာရေးဖြစ်ပွားပါက (၁၅၀၀၀)ကျပ်ထောက်ပံ့ပေးပါသည်။ကျန်းမာရေးမကောင်းသောကျေးရွာသူ/သားများကို မော်တော်ယာဉ်များဖြင့်ဆေးရုံ၊ဆေးခန်းများသို့လိုက်လံပို့ဆောင်ပေးပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်သောကျေးရွာများသို့လည်းသွားရောက်ကူညီဆောင်ရွက်ပေးပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Pact Myanmar | ၁□ ၂Â၃□ ၄□ ၅□ ၆□ ၇□ | ပညာရေး□ငွေကြေး□Â<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |
| ၁ | BNK | ၁□ ၂Â၃□ ၄□ ၅□ ၆□ ၇□ | ပညာရေး□ငွေကြေး□Â<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |
| ၁ | NongHyup | ၁□ ၂Â၃□ ၄□ ၅□ ၆□ ၇□ | ပညာရေး□ငွေကြေး□Â<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |
| | Tu Tu Finance | ၁□ ၂Â၃□ ၄□ ၅□ ၆□ ၇□ | ပညာရေး□ငွေကြေး□Â<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |
| | Easy | ၁□ ၂Â၃□ ၄□ ၅□ ၆□ ၇□ | ပညာရေး□ငွေကြေး□Â<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □ |

**လေ့လာတွေ့ရှိချက်။** ။ Pact Myanmar ၊ BNK ၊ Nonghyup ၊ Tu Tu Finance ၊ Easy စသည့် ချေးငွေချေးသည့်အဖွဲ့များလာရောက်လုပ်ကိုင်နေသည်ကိုတွေ့ရပါသည်။

### (ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၆၄ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၁၃၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၂၉၅** | ☒ |

**လေ့လာတွေ့ရှိချက်။** ။ မြို့စိုးကျေးရွာတွင် အိမ်ထောင်စု (၂၉၅)အိမ်ထောင်စုအား အိမ်ထောင်စု (၁)စုလျှင် ပျှမ်းမျှကိုင်းကျွန်းမြေကေ (၀.၆၅)ကေစီ ပိုင်ဆိုင်ပါသည်။ လယ်ယာမြေ(၂)ကေပိုင်ဆိုင်သူ (၂၅)ဦးရှိသည်ကို တွေ့ရှိရပါသည်။

### (၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ကေ) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐ | ရှိ☐ မရှိ ☐ မဖြေဆိုပါ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| | | | မဖြေဆိုပါ☐ | |
| ၂ | ရေလှွဲဆည် | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၅ | အဝီစိတွင်း | ၃ | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐ မဖြေဆိုပါ☐ | ရှိ☐ မရ☐ မဖြေဆိုပါ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက် ☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |

**လေ့လာတွေ့ရှိချက်။** ။ ယာမြေများတွင် ရေတွင်းတူးရန်ခက်ခဲခြင်း၊ ငွေကြေးမတတ်နိုင်သဖြင့် မိုးရေကိုသာ စောင့်မျှော်၍ စိုက်ပျိုးနေကြပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (မှန်ရာ<u>တစ်ခုကိုသာ</u>) | အမြတ် ရရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|

| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | ရွေးရန်) | |
|---|---|---|---|---|---|---|---|---|---|
| ပဲယင်း | ၂၀ | တင်း | ၁၅ | ၂၀ | ၁၇ | ၁၀ လ | ၃ လ | မြင့် □လတ် □နိမ့်□ | မြင့် □လတ် □နိမ့်□ |
| ပဲနီ | ၁၀ | တင်း | ၁၀ | ၂၀ | ၁၅ | ၁၀ လ | ၃ လ | မြင့် □လတ် □နိမ့်□ | မြင့် □လတ် □နိမ့်□ |
| ပဲထောပတ် | ၁၀ | ပိဿာ | ၁၅ | ၂၀ | ၁၇ | ၁၀ လ | ၃ လ | မြင့် □လတ် □နိမ့်□ | မြင့် □လတ် □နိမ့်□ |
| မြေပဲ | ၂၀ | ပိဿာ | ၄၀ | ၅၀ | ၄၅ | ၁၁ လ | ၂ လ | မြင့် □လတ် □နိမ့်□ | မြင့် □လတ် □နိမ့်□ |
| ခရမ်းချဉ် | ၁ | ပိဿာ | ၁၅၀ | ၂၀၀ | ၁၇၅ | ၁၀ လ | ၃ လ | မြင့် □လတ် □နိမ့်□ | မြင့် □လတ် □နိမ့်□ |
| ငရုတ် | | ပိဿာ | ၁၅ | ၃၀ | ၂၀ | ၁၀ လ | ၃ လ | မြင့် □လတ် □နိမ့်□ | မြင့် □လတ် □နိမ့်□ |
| ဝါ | | ပိဿာ | ၁၅ | ၃၀ | ၂၅ | ၁၀ | ၂ လ | မြင့် □လတ် □နိမ့်□ | မြင့် □လတ် □နိမ့်□ |

**လေ့လာတွေ့ရှိချက်။** ။ မြို့စိုးကျေးရွာတွင် ပဲယင်း၊ ပဲနီ၊ ပဲထောပတ်၊ မြေပဲ၊ ခရမ်းချဉ်၊ ငရုတ်၊ ဝါ စသည့်သီးနှံများကို အဓိကထားစိုက်ပျိုကြပါသည်။ ပဲယင်း(၁)တင်းလျှင် အများဆုံး(၂၅၀၀၀)ကျပ်မှ အနည်းဆုံး (၂၃၀၀၀)ကျပ်၊ ပဲနီ (၁)တင်းလျှင်အများဆုံး(၂၀၀၀၀)ကျပ်၊အနည်းဆုံး (၁၈၀၀၀)ကျပ်၊ ပဲထောပတ်(၁)တင်းလျှင် အများဆုံး (၃၅၀၀၀)ကျပ်၊ အနည်းဆုံး (၃၀၀၀၀)ကျပ်၊ မြေပဲ(၁)တင်းလျှင် အများဆုံး (၁၆၈၀၀)ကျပ်၊ အများဆုံး (၁၃၆၀၀)ကျပ် ရရှိပါသည်။ ဝါတစ်ပိဿာလျှင်အများဆုံး (၁၂၀၀)ကျပ်၊ အနည်းဆုံး (၈၀၀)ကျပ်ရရှိပါသည်။ ယာမြေတွင် ငရုတ်၊ခရမ်းချဉ်၊ဝါ၊ မြေပဲများစိုက်ပျိုးကြပြီး ကိုင်းကျွန်းမြေများတွင် ပဲယင်း၊ ပဲနီ၊ ပဲထောပတ်၊ မြေပဲ စသည့် သီးနှံများစိုက်ပျိုးကြပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | | - | - | |
| လက်တွန်းထွန်စက် | | - | - | |
| အစေ့ချ ကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | | - | - | |
| ရေစုပ်စက် | | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - |

**လေ့လာတွေ့ရှိချက်။** ။ ထွန်စက် ကို ပေါက်တော၊ ညောင်နီပင်၊ စဘောကျေးရွာများမှ ငှားရမ်းသုံးစွဲရပါသည်။ ကောက်ပဲသီးနှံများရိတ်သိမ်းချိန်နှင့်စိုက်ပျိုးချိန်များတွင်လုပ်သားများငှားရမ်းလုပ်ကိုင်ပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ☐အသင့်အတင့်ရှိ☐မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရသည်☐မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☐မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐မဖြေဆိုပါ ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐<br>သီးနှံများကို ရောင်းချနိုင်သည်☐မဖြေဆိုပါ ☐ |

**လေ့လာတွေ့ရှိချက်။** ။ မြေပဲမျိုးကောင်းမျိုးသန့်မရရှိပါ။ ပဲယင်း၊ ပဲထောပတ်၊ ပဲနီများမှာကျေးရွာတွင်မျိုးကောင်းမျိုးသန့်ရရှိပါသည်။ အရည်အသွေးမြင့်ပိုးသတ်ဆေးများနှင့် ဓါတ်မြေဩဇာများမှာ အလွယ်တကူဝယ်ယူရနိုင်သော်လည်း ဈေးကောင်းပေး၍ ဝယ်ယူရပါသည်။ ကျပန်းအလုပ်သမားများပြားပါသည်။စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများရရှိရန် စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ပခုက္ကူကုန်စည်ဒိုင်နှင့်နီးသည့်အတွက် သီးနှံများကို တက်ဈေး၊ ကျဈေးစောင့်၍ ရောင်းချနိုင်ပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐<br>မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐<br>လယ်ယာမြေဆုံးရှုံးမှုများသည်☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်☐<br>ပလပ်မြေများရှိသည်☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐ |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကို<br>လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐<br>မဖြေဆိုပါ ☐ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☐ အနည်းငယ်☐<br>မဖြေဆိုပါ☐ |

**လေ့လာတွေ့ရှိချက်။** ။ ယခုနှစ်တွင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့် ရေဝတီမြစ်ရေမအောင်၍ သီးနှံအထွက်နှုန်းနည်းပြီး အရည်အသွေးကျဆင်းပါသည်။ အဖျက်ပိုးအန္တရာယ်အသင့်အတင့်ကျရောက်ပါသည်။

## (ခ–၂) မွေးမြူရေးလုပ်ငန်း

### (၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| နွား | ၅၂ | ၁၃၈ |
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၂ | ၂၉ |
| သိုး | | |
| ဝက် | ၉ | ၂၃ |
| ကြက် | ၄ | ၂၈ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

**လေ့လာတွေ့ရှိချက်။** ။ မြိုးစိုးကျေးရွာတွင် နွား၊ဝက်၊ ဆိတ်၊ကြက်စသည့်တိရစ္ဆာန်များကို စီးပွားဖြစ် မွေးမြူကြပြီး ဝက်၊နွား၊ ဆိတ်ကို စီးပွားဖြစ်မွေးမြူကြပါသည်။ ယခုနှစ်တွင်ဝက်နာရောဂါ ကျရောက်မှုအနည်းငယ်ဖြစ်ပွားပါသည်။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

